**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူး တရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ**

# မြဝတီ

နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၅၄)

၁၃၈၆ ခုနှစ်၊ နယုန်လဆန်း ၅ ရက်
၂၀၂၄ ခုနှစ်၊ ဇွန် ၁၁ ရက်၊ အင်္ဂါနေ့


**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေး

## ချည်မျှင်နှင့်အထည်စက်ရုံများသည် နိုင်ငံအတွက်လွန်စွာအကျိုးရှိသည့်စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအားအသုံးပြုနိုင်ရေး စနစ်တကျစဉ်းစားသုံးသပ်ဆောင်ရွက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)အတွင်း ချည်မျှင်နှင့်အထည်များအား အဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်အဖွဲ့ဝင်များ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၁၂)ရပ်ကွက်ရှိ တပ်မတော်ချည်မျှင်နှင့် အထည်စက်ရုံ(သမိုင်း)သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း) စက်ရုံအစည်းအဝေးခန်းမတွင် စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်မတော်ဝါစိုက်ပျိုးရေးတပ်များက ဝါစိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တပ်မတော်ဝါစိုက်ပျိုးရေးတပ်များသို့ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ စိုက်ပျိုးရာသီအလိုက်လုပ်ငန်းများ

**စာမျက်နှာ ၅ ကော်လံ ၁** ☆




## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇွန် ၁၁ ရက်)

# နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန်

နိုင်ငံသားတိုင်း၏မွေးရာပါတာဝန်သည် မိမိနိုင်ငံကိုမိမိတို့ကာကွယ်ရေးပင်ဖြစ်သည်။ နိုင်ငံတော်ဆိုသည်မှာ သတ်မှတ်ထားသောပိုင်နက်နယ်မြေပေါ်တွင် အတည်တကျနေထိုင်ကြသော ပြည်သူများရှိနေခြင်း၊ ပြည်သူများက အစဉ်အလာဓလေ့ထုံးတမ်း၊ ဥပဒေများအရ ပေါင်းစည်းနေထိုင်ခြင်း၊ ထိုသို့ ပေါင်းစည်းနေထိုင်ခြင်းကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပေးသည့် အချုပ်အခြာအာဏာပိုင် အစိုးရတစ်ရပ်ရှိနေခြင်း၊ ထိုအစိုးရအဖွဲ့အစည်း၏အောက်တွင်ရပ်တည်နေထိုင်သော လူမှုအဖွဲ့အစည်းတစ်ရပ်ရှိနေခြင်း၊ ထိုနိုင်ငံတည်ရှိမှုကို နိုင်ငံတကာက အသိအမှတ်ပြုခြင်းတို့ဖြစ်သည်။ နိုင်ငံတော်ဟူ၍သတ်မှတ်နိုင်သည့် လိုအပ်သောအင်္ဂါရပ်လက္ခဏာ ငါးရပ်ရှိပြီး ယင်းတို့မှာ မှီတင်းနေထိုင်သည့် လူဦးရေ၊ ပိုင်နက်နယ်မြေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်း သို့မဟုတ် အစိုးရ၊ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် နိုင်ငံတကာအသိအမှတ်ပြုမှုတို့ဖြစ်ကြသည်။

နိုင်ငံတစ်ခုတွင် ပြည်သူလူထုရှိနေသော်လည်း သတ်မှတ်ထားသောပိုင်နက်နယ်မြေဟူ၍မရှိပါက နိုင်ငံတော်ကို မည်သို့မျှတည်ဆောက်နိုင်မည်မဟုတ်ပါ။ သတ်မှတ်ထားသော ပိုင်နက်နယ်မြေတည်ရှိစေရေးအတွက် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်မည့်သူများလိုအပ်ပါသည်။ လူသားဆိုသည်မှာ အသက်အရွယ်အပိုင်းအခြားအရ ပြောင်းလဲနေမည်ဖြစ်သော်လည်း နိုင်ငံတော်ဆိုသည့် ပိုင်နက်နယ်နိမိတ်မှာမူ အမြဲတမ်းတည်တံ့နေမည်ဖြစ်သည်။ ထို့ကြောင့် မျိုးဆက်သစ်အဆက်ဆက်တို့က မိမိနိုင်ငံကိုမိမိတို့ကာကွယ်ရမည်မှာမွေးရာပါတာဝန်ဖြစ်သည်။

မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော်နေထိုင်သည့် နိုင်ငံဖြစ်သည့်အတွက် တစည်းတလုံးတည်းရှိသော တိုင်းရင်းသားစည်းလုံးညီညွတ်မှုသည် မရှိမဖြစ်လိုအပ်လှသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိပါက အကွဲကွဲအပြားပြားဖြစ်နေပြီး နိုင်ငံတော်သည် ပြိုကွဲသွားနိုင်ပါသည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို တပ်မတော်သားတို့၏အမျိုးသားနိုင်ငံရေးတာဝန်အဖြစ်သတ်မှတ်ထားသကဲ့သို့ ပြည်သူများအနေဖြင့်လည်း အဆိုပါဒို့တာဝန်အရေးသုံးပါးကိုအလေးအနက်ထားကာ ပြည်ထောင်စုစိတ်ဓာတ်ကိုမွေးမြူကြရမည်ဖြစ်သည်။ သို့မှသာ နိုင်ငံတော်သည်တည်တံ့ခိုင်မြဲပြီး ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံဟူ၍အစဉ်အမြဲခိုင်မာနေမည်ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုကျရာနေရာမှ ထမ်းဆောင်ရန်အတွက် တပ်မတော်သို့ဝင်ရောက်လာကြသူများသည် မည်သူတစ်ဦးတစ်ယောက်၏တိုက်တွန်းချက်မှမပါဘဲ မိမိတို့၏ကိုယ်ပိုင်ဆန္ဒသဘောထားများဖြင့် တပ်မတော်သို့ဝင်ရောက်ကာ စစ်မှုထမ်းနေကြသူများဖြစ်သည်။ အဆိုပါတပ်မတော်သားတို့၏ စိတ်ဓာတ်ကောင်းမွန်မှု၊ စည်းကမ်းလိုက်နာမှု၊ နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုတို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟူ၍ တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ နိုင်ငံတကာတွင်ဖြစ်ပျက်နေသောအတွေ့အကြုံများအရ မျက်မှောက်ခေတ်စစ်ပွဲအသွင်သဏ္ဌာန်မှာ ဘက်စုံစစ်ပွဲအသွင်ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ အထူးသဖြင့် အင်အားကြီးနိုင်ငံများက အင်အားနည်းသည့်နိုင်ငံများအပေါ် ဘက်စုံစစ်ပွဲအသွင်ဆင်နွှဲလျက်ရှိသည်။

ဘက်စုံစစ်ပွဲအသွင်ဆိုသည်မှာ နိုင်ငံရေးနည်း၊ စီးပွားရေးနည်း၊ လူမှုရေးနည်း၊ သဘောတရားရေးနည်း၊ ဝါဒဖြန့်ချိရေးနည်း၊ သံတမန်နည်းနှင့် စစ်ရေးနည်းတို့ဖြစ်သည်။ ဘက်စုံစစ်ပွဲအသွင်သဏ္ဌာန်ဖြစ်ပေါ်လာသည့်အတွက် တိုင်းရင်းသားအားလုံး သို့မဟုတ် နိုင်ငံအတွင်းမှီတင်းနေထိုင်သူအားလုံးက အသိသတိရှိနေကြရမည်ဖြစ်သည်။ ထိုသို့ အသိ၊ သတိရှိနေရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန်လိုအပ်လာနေပြီဖြစ်သည်။ အရွယ်ရောက်သူမှန်သမျှ နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် စစ်မှုထမ်းဆောင်ရမည်ဖြစ်ကြောင်း လွတ်လပ်ရေးမရမီကတည်းက ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင်ပြောကြားထားပြီးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အာဏာသက်ဝင်ကြောင်း ကြေညာခဲ့သည်။ ဥပဒေသတ်မှတ်ကြေညာလိုက်သည့်အခါမှာ နိုင်ငံတော်အတွက် သဘောထားမမှန်သူများက အဆိုပါဥပဒေနှင့်ပတ်သက်၍ လိုလားဟန်မပြကြသော်လည်း တိုင်းပြည်ချစ်သူလူငယ်လူရွယ်များအနေဖြင့် အထူးပင်နှစ်ခြိုက်သဘောကျခဲ့ကြသည်။ ထိုသို့ နှစ်ခြိုက်သဘောကျကြောင်း သက်သေအဖြစ် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁)နှင့်အမှတ်စဉ် (၂) သင်တန်းများဖွင့်လှစ်ရာတွင် ကိုယ်တိုင်ဆန္ဒပြုသူများ များပြားနေခြင်းနှင့် ပြုံးပျော်ရွှင်ပျသောသူတို့၏မျက်နှာထားများကဖော်ပြလျက်ရှိသည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ တို့လူငယ်များ၏အဓိကတာဝန်ဖြစ်ကြောင်းကို သူတို့နားလည်သိမြင်ကြပြီဖြစ်သည်။

မြန်မာနိုင်ငံ၏တည်နေရာပထဝီအနေအထားအရလည်းကောင်း၊ ကမ္ဘာ့အခြေအနေများအရသော်လည်းကောင်း မိမိတို့နိုင်ငံကို မိမိတို့ကာကွယ်ရမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိနေပြီဖြစ်သည့်အတွက် စစ်ပညာသင်ကြားရန် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် နိုင်ငံတော်အစိုးရက ပြည်သူ့စစ်မှုထမ်းဥပဒေကိုပြဋ္ဌာန်းပေးထားသကဲ့သို့ လူငယ်များအနေဖြင့်လည်း ထိုတာဝန်များကို ကြည်ဖြူကျေနပ်စွာထမ်းဆောင်လျက်ရှိသည်မှာ အနာဂတ်နိုင်ငံတော်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9)ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9)ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

နေပြည်တော် ဇွန် ၁၀

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင် ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်းပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ)၊ နေပြည်တော်၊ ဖုန်း၊ ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ၊ ဖုန်း၊ ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ မန္တလေးဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ ဖုန်း၊ ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉ တို့သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

(သတင်းစဉ်)

## Myawady Digital Set Top Box ထုတ်နတ်ရှုမြင်အစီအစဉ်

၁၁-၆-၂၀၂၄(အင်္ဂါနေ့)

**မြဝတီရုပ်မြင်သံကြား**

၁။ ၆း၀၂ နိုင်ငံတော်သီချင်း
၂။ ၇း၂၀ ဓမ္မပူဇာတေး
၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၅။ ၈း၂၅ ဆောင်းပါးပေါ်ကစာစုများ
၆။ ၉း၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၇။ ၁၀း၅၀ ဖန်တီးသူရဲ့ဒီဇိုင်း
၈။ ၁၂း၀၀ ၁၂ လရာသီမှတ်တမ်း
၉။ ၁၆း၅၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၀။ ၁၇း၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
၁၁။ ၁၉း၀၀ **တောင်ပိုင်းပိုးလမ်းမသစ် တရုတ်-မြန်မာအခန်းကဏ္ဍ အပိုင်း(၁၇၊ ၁၈)**

**MWD Variety Channel**

၁။ ၀၉း၄၁ သိမှတ်ဖွယ်ရာသုတကမ္ဘာ
၂။ ၁၀း၂၆ ကျန်းမာသောဘဝ
၃။ ၁၁း၄၂ ဥပဒေမှတ်စု
၄။ ၁၄း၄၄ ဖတ်ပါ မှတ်ပါ လေ့လာပါ
၅။ ၁၇း၂၁ ကြယ်ကလေးများရဲ့ဗဟုသုတမိုးကောင်းကင်
၆။ ၂၁း၄၅ စကားလက်ဆုံ


မြဝတီ နေ့စဉ် the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ပဥ္စမအကြိမ်မြောက် ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေး ကိုယ်ကျင့်သီလဗဟုသုတ (၃၈ ဖြာမင်္ဂလာ) ပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၁၀**

ပဥ္စမအကြိမ်မြောက် ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေး ကိုယ်ကျင့်သီလဗဟုသုတ (၃၈ ဖြာမင်္ဂလာ) ပြိုင်ပွဲဆုချီးမြှင့်ပွဲနှင့် ဆဋ္ဌမအကြိမ်ပြိုင်ပွဲအတွက် အကြိုမိတ်ဆက်ရှင်းလင်းခြင်းအခမ်းအနားကို ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက်မှ World-PEC ဦးစီးနာယကဆရာတော် လုံဖိကိုရတိ ကိသိကောနှင့်တာဝန်ရှိသူများ၊ World-PEC ပေါင်းစပ်ညှိနှိုင်းရေးတာဝန်ခံ ဒုတိယဗိုလ်ချုပ်ကြီးသောင်းအေး(အငြိမ်းစား) နှင့်သာသနာနုဂ္ဂဟအဖွဲ့ဝင်များ၊ ဆုရဆရာ၊ ဆရာမများ၊ ဆုရကျောင်းသား၊ ကျောင်းသူများနှင့် မိဘများ၊ ဆဋ္ဌမအကြိမ်ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆို၍ဖွင့်လှစ်ပြီး World-PEC ပေါင်းစပ်ညှိနှိုင်းရေးတာဝန်ခံ ဒုတိယဗိုလ်ချုပ်ကြီး သောင်းအေး(အငြိမ်းစား)ကအဖွင့်မိတ်ဆက်စကားပြောကြားပြီး ထိုင်းနိုင်ငံ ဓမ္မကာယကျောင်းတိုက်မှ World-PEC ဦးစီးနာယကဆရာတော် လုံဖိကိုရတိ ကိသိကောက ဩဝါဒမိန့်ကြားသည်။

ဆက်လက်၍ ပဥ္စမအကြိမ်မြောက် ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေး ကိုယ်ကျင့်သီလဗဟုသုတ(၃၈ ဖြာမင်္ဂလာ)ပြိုင်ပွဲတွင် ဆုရကျောင်းသား၊ ကျောင်းသူများအား ဦးစီးနာယကဆရာတော် လုံဖိကိုရတိ ကိသိကောနှင့်ဆရာတော်လုံဖိဖရာ မာဆုကျိန်းတို့က ဆုများချီးမြှင့်သည်။

ထို့နောက် ဆဋ္ဌမအကြိမ်မြောက် ကမ္ဘာ့ငြိမ်းချမ်းမှုဖော်ဆောင်ရေးကိုယ်ကျင့်သီလဗဟုသုတ(၃၈ ဖြာမင်္ဂလာ) ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအတွက် စာအုပ်များပေးအပ်ပြီး ပြိုင်ပွဲဆောင်ရွက်ရမည့် အခြေအနေအား ဌာနမှူး မပိအင်ဇလီနှင့် ဆရာလေး ဒေါ်ဉာဏစာရီတို့က Power Point ဖြင့် ရှင်းလင်းတင်ပြကာ ပြိုင်ပွဲနှင့်ပတ်သက်၍ သိလိုသည်များ မေးမြန်းဖြေကြားသည်။

ထို့ပြင်ရန်ကုန်တိုင်းသာသနာနုဂ္ဂဟအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မိုးအောင်(ခ)ဦးနေရှိုင်းက အခြေခံပညာအထက်တန်းကျောင်းများအတွက်သင်ကြားပေးမည့် ဆရာ၊ ဆရာမများကို ပြိုင်ပွဲဝင်မည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိတ်ဆက်ပေးပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားရုပ်သိမ်းကြောင်း သိရသည်။ **သိန်းဝင်း**




# စွန်ရဲအင်းဒေသ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးဇုန်ကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၁၀**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် စွန်ရဲအင်းဒေသ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် နို့စားနွားမွေးမြူရေးဇုန်ကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် မွေးမြူရေးအခြေခံကုန်ထုတ်လုပ်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကမွေးမြူရေးလုပ်ငန်းရှင်များအတွက် နည်းပညာအပါအဝင် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးလျက်ရှိရာ လုပ်ငန်းဆိုင်ရာသဘောတူညီမှု စည်းကမ်းချက်များနှင့်အညီ ပုဂ္ဂလိကအကျိုးစီးပွားဖြစ်ထွန်းစေရေးနှင့် သတ်မှတ်ကာလအတွင်း စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြစေလိုကြောင်း ဆွေးနွေးပြောကြားပြီး နို့စားနွားမွေးမြူရေးဇုန်တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် တအုံကျေးရွာအုပ်စု ဆောက်အင်းကျေးရွာအနီး တည်ဆောက်ပြီးစီးသည့် ဆောက်အင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းရှင်းလင်းဆောင်၌ ရေသောက်ဧရိယာအတွင်းမှ တောင်သူများဖြင့် ဖွဲ့စည်းထားသော ရေအသုံးချသူများ(WUG) အဖွဲ့ဝင်များအားတွေ့ဆုံပြီး စပါးသီးနှံအခြေခံ၍ တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြပြီး မြစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးရေပေးဝေနေမှုနှင့် တောင်သူများ၏ စိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်ခဲ့သည့် ဆောက်အင်းလျှပ်စစ်မြစ်ရေတင်စီမံကိန်းသည် ပင်မလျှပ်စစ်ဓာတ်အားနှင့် ဆိုလာစွမ်းအင်ကို တွဲဖက်အသုံးပြု၍ ဧရာဝတီမြစ်မှ ရေကိုတင်ယူပြီး ကွန်ပျူတာတက္ကသိုလ် (မန္တလေး)အနီးရှိ တအုံ၊ ဧည့်ပြု၊ တလိုင်းကန်စိုက်ကွင်းများမှ စိုက်ပျိုးမြေ ဧက ၁၀၀၀ အား နွေ၊ မိုး၊ ဆောင်း တစ်နှစ်လျှင် သုံးသီးစိုက်ပျိုးနိုင်ရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး၊ နှမ်း ၊ နေကြာအပါအဝင် ဧက ၆၅၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စဉ့်ကိုင်မြို့နယ် ဆည်ရွာကျေးရွာအနီးရှိ မန္တလေး တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းနှင့် ပုသိမ်ကြီးမြို့နယ် ကြူဝန်းရှိ အသားတိုးနွား၊ မျိုးထိန်း၊ မျိုးပွား၊ မျိုးဖြန့်သရုပ်ပြခြံ၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဓာတ်ခွဲခန်းပညာရပ်များကို မျိုးဆက်သစ်များထံ လက်ဆင့်ကမ်းမျှဝေပေးပြီး ဓာတ်ခွဲခန်းပညာရှင် ခါးဆက်မပြတ်စေရေးနှင့် ထူးချွန်သူများပေါ်ထွန်းလာရေး အားပေးချီးမြှောက်ရန်လိုအပ်ချက်များ၊ ဘဏ္ဍာနှစ်အလိုက် သတ်မှတ်ထားသော လုပ်ငန်းများလျာထားချက်ပြည့်မီစွာဆောင်ရွက်ရန်ကိစ္စရပ်များကို ဆွေးနွေးမှာကြားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ ဦးဆောင်သောအဖွဲ့နှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁၀**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် အဆောက်အဦဦးစီးဌာနနှင့် တံတားဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် နဝဒေးလမ်းရှိ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးရုံး အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာနိုင်ငံ ဗိသုကာကောင်စီကို ပထမဆုံးအကြိမ်အဖြစ် ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၇ ရက်တွင် သက်ဆိုင်ရာအစိုးရဌာနအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပညာရပ်ဆိုင်ရာအသင်းအဖွဲ့များ၊ ဝါရင့်ဗိသုကာပညာရှင်များဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ဖွဲ့စည်းခဲ့ပြီး ကောင်စီ၏သက်တမ်းကို လေးနှစ်သတ်မှတ်ခဲ့ကြောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၂၁ ရက်တွင် ပြန်လည်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြောင်း၊ ယခု တတိယအကြိမ်အဖြစ် ၂၀၂၄ ခုနှစ် မေလ ၂၀ ရက်တွင် ကောင်စီဝင် ၂၂ ဦးဖြင့် ထပ်မံပြင်ဆင်ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ဗိသုကာပညာရပ်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် (Human Resources) မြှင့်တင်သည့်လုပ်ငန်းကို ပိုမိုဆောင်ရွက်စေလိုပြီး လိုအပ်ချက်များကို ဝန်ကြီးဌာနမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဗိသုကာကောင်စီအနေဖြင့်လည်း အသင်းအဖွဲ့ စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နိုင်ငံတော်ကပြဋ္ဌာန်းထားသည့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေကိုလည်း လိုက်နာဆောင်ရွက်ရန်အရေးကြီးကြောင်း၊ မြန်မာနိုင်ငံဗိသုကာကောင်စီ၏ လုပ်ငန်းစဉ်များ တိုးတက်အောင်မြင်ရေးအတွက် ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာသူများက တစ်ဦးချင်း မိမိတို့တာဝန်ယူဆောင်ရွက်နေကြသော လုပ်ငန်းနယ်ပယ်များကို မိတ်ဆက်တင်ပြကြပြီး မြန်မာနိုင်ငံဗိသုကာကောင်စီဥက္ကဋ္ဌက ကောင်စီ၏ ရည်ရွယ်ချက်၊ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များကို ဖြန့်ခွဲဆောင်ရွက်နေမှု၊ ဗိသုကာပညာရပ်ကဏ္ဍ တိုးတက်လာစေရေးအတွက် နိုင်ငံတကာနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု၊ ကောင်စီအနေဖြင့် နည်းပညာကျွမ်းကျင်သူမှတ်ပုံတင်လက်မှတ် ၊ ဘွဲ့ရနည်းပညာကျွမ်းကျင်သူ မှတ်ပုံတင်လက်မှတ်၊ မှတ်ပုံတင်ဗိသုကာလက်မှတ်၊ ဗိသုကာလိုင်စင်၊ အကြီးတန်းဗိသုကာလိုင်စင်၊ နိုင်ငံခြားသားဗိသုကာမှတ်ပုံတင်လက်မှတ်တို့ကို သတ်မှတ်အရည်အချင်း၊ စည်းကမ်းချက်များနှင့်အညီ စိစစ်ထုတ်ပေးနေမှုနှင့် မှတ်ပုံတင်လက်မှတ်များ သက်တမ်းတိုးလျှောက်ထားလာပါက သတ်မှတ်အရည်အချင်းများကို စိစစ်ပြီး သက်တမ်းတိုး ဆောင်ရွက်ပေးသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက ပညာရပ်ဆိုင်ရာ စံချိန်စံညွှန်းပြည့်မီရေး၊ နည်းစနစ်မှန်ကန်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းစောင့်စည်းရေးကဏ္ဍတို့ကို ကောင်စီမှ စနစ်တကျကြီးကြပ်ထိန်းသိမ်းစေလိုကြောင်း၊ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ-၂၀၂၄ (Myanmar National Building Code -2024) ကို ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရာတွင် ဗိသုကာဆိုင်ရာကိစ္စရပ်များကို မြန်မာနိုင်ငံဗိသုကာကောင်စီမှ ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်းနှင့် ဗိသုကာပညာရပ်ဆိုင်ရာ သင်ကြားမှုအဆင့်အတန်း မြင့်မားစေရေးနှင့် အရည်အသွေးပြည့်ဝသောပညာရှင်များ ပေါ်ပေါက်စေရေးတို့အတွက် ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

> "အိမ်နီးချင်းနိုင်ငံများဖြစ်သော ဗီယက်နမ်၊ ထိုင်းနှင့်မလေးရှားနိုင်ငံတို့သည် ရေအားလျှပ်စစ် အကန့်အသတ်ရှိလာသည့်အတွက် လာအိုနိုင်ငံမှ ဈေးသက်သာပြီး ရေရှည်တည်တံ့မည့် ရေအားလျှပ်စစ်ကို အပြိုင်ဝယ်ယူနေကြသည်။ အလားတူပင် ကမ္ဘောဒီးယားနိုင်ငံကလည်း လာအိုနိုင်ငံမှ ဓာတ်အားကို ဝယ်သည်။
> အားလုံး၏ပါးစပ်ဖျားတွင် လာအိုနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံအများစု၏ ဘက်ထရီအိုးကြီးအဖြစ် ရေပန်းစားနေသည်. . ."

**ယမန်နေ့မှအဆက်**

လာအိုနိုင်ငံသည် အရှေ့တောင်အာရှ၌ ရေအရင်းအမြစ် အတော်အတန်ကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ တစ်နှစ်ပတ်လုံး စီးဆင်းနေသည့် ပြန်လည်ပြည့်ဖြိုးမြဲရေချိုသည် ကုဗကီလိုမီတာ သန်း ၂၇၀ ခန့်ရှိသည်။ မြန်မာနိုင်ငံကပိုင်ဆိုင်ထားသော နှစ်စဉ် ပြန်လည်ပြည့်ဖြိုးမြဲစီးဆင်းရေပမာဏမှာ ကုဗကီလိုမီတာ ၁၁၆၈ သန်းခန့်ရှိသည်။

နိုင်ငံအလိုက်ဆိုပါက မြန်မာနိုင်ငံ၏ နှစ်စဉ်ပြန်လည်ပြည့်ဖြိုးနေသော ရေအရင်းအမြစ်သည် လာအိုနိုင်ငံထက် လေးဆနီးပါးများနေသည်ကို တွေ့ရသည်။

လာအိုနိုင်ငံသည် ၎င်း၏ရေအရင်းအမြစ်ဖြင့် စိုက်ပျိုးရေးနှင့်သစ်တောထွက်ပစ္စည်း၊ ရေလုပ်ငန်းတို့ကို အခြေခံစီးပွားရေးအဖြစ် ဆောင်ရွက်နေရာမှ စက်မှုဖွံ့ဖြိုးသောနိုင်ငံဖြစ်စေရေး အခြေခံလိုအပ်ချက်ဖြစ်သည့် ရေအားဖြင့်လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို ကြိုးပမ်းနေသည်။

လာအိုနိုင်ငံ၏ ရေအားလျှပ်စစ်တပ်ဆင်အင်အားသည် ၁၉၉၃ ခုနှစ်တွင် ၂၀၆ မဂ္ဂါဝပ်သာရှိခဲ့ရာမှ ၂၀၁၉ ခုနှစ် အာရှဖွံ့ဖြိုးရေးဘဏ်၏ အစီရင်ခံစာအရ ၂၀၁၇ ခုနှစ်တွင် မောင်းနှင်ထားသော ရေအားလျှပ်စစ်မှာ ၅၁၇၂ မဂ္ဂါဝပ်တပ်ဆင်အင်အားရှိနေပြီဖြစ်သည်။ ပြန်လည်ပြည့်ဖြိုးမြဲရေကိုသုံး၍ ဓာတ်အားထုတ်လုပ်ပေးနိုင်သော ခန့်မှန်းစုစုပေါင်းပမာဏမှာ အဆိုပါအစီရင်ခံစာအရ မဂ္ဂါဝပ် ၂၃၀၀၀ ရှိသည်ဟုဆိုသည်။ ထို့ပြင် ၁၈၇၈ မဂ္ဂါဝပ်ရှိသော ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံတစ်ရုံကိုလည်း ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ပြန်လည်ပြည့်ဖြိုးမြဲ ဆိုလာဓာတ်အားပေးစက်ရုံ ခြောက်ရုံလည်းရှိသေးသည်။ ၂၀၁၉ ခုနှစ်တွင် တစ်နိုင်ငံလုံး ရာနှုန်းပြည့်လျှပ်စစ်ဓာတ်အား ရရှိသွားကြပြီဖြစ်သည်။

နိုင်ငံ၏လူဦးရေမှာ နည်းပါးသည့်အတွက် နိုင်ငံအတွက် ဓာတ်အားလိုအပ်ချက်နည်းမည်ဖြစ်သော်လည်း ရေအားလျှပ်စစ်ဓာတ်အားအများစုကို ထိုင်း၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံတို့ထံ ရောင်းချပြီးဖြစ်သည်။ နောင်တွင် စင်ကာပူနိုင်ငံထံရောင်းချရန် စီစဉ်ထားသည်။

၂၀၁၆ ခုနှစ် တစ်နှစ်အတွင်း ပြည်ပသို့ လျှပ်စစ်တင်ပို့မှုမှာ ကီလိုဝပ်နာရီသန်းပေါင်း ၁၆၀၀၀ ထိရှိလာပြီဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်ရည်မှန်းချက်မှာ ကီလိုဝပ်နာရီသန်းပေါင်း ၅၀၀၀၀ ထိရောင်းချမည်ဖြစ်သည်။

လာအိုနိုင်ငံသည် ၎င်း၏ တည်နေရာပထဝီအနေအထားအရ နှစ်စဉ်ပြန်လည်ပြည့်ဖြိုးမြဲရေကိုအားပြု၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပြီး ပြည်ပဝင်ငွေရှာမည့် အစီအစဉ်ကို အကောင်အထည်ဖော်လျက်ရှိသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်သော ဗီယက်နမ်၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့သည် ရေအားလျှပ်စစ် အကန့်အသတ်ရှိလာသည့်အတွက် လာအိုနိုင်ငံမှ ဈေးသက်သာပြီး ရေရှည်တည်တံ့မည့် ရေအားလျှပ်စစ်ကို အပြိုင်ဝယ်ယူနေကြသည်။ အလားတူပင် ကမ္ဘောဒီးယားနိုင်ငံကလည်း လာအိုနိုင်ငံမှ ဓာတ်အားကိုဝယ်သည်။

အားလုံး၏ပါးစပ်ဖျားတွင် လာအိုနိုင်ငံသည် အရှေ့တောင်အာရှနိုင်ငံအများစု၏ ဘက်ထရီအိုးကြီးအဖြစ် ရေပန်းစားနေသည်။

လာအိုနိုင်ငံ၏ ပြန်လည်ပြည့်ဖြိုးမြဲရေအရင်းအမြစ်ကို အသုံးချထုတ်လုပ်မည့် ဓာတ်အားပေးစက်ရုံစီမံကိန်းကြီးများကို ကမ္ဘာ့အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံအလိုက် ပုဂ္ဂလိကအဖွဲ့အစည်းအသီးသီးကပါ ရှယ်ယာထည့်ဝင်ဆောင်ရွက်နေကြသည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၅ ရက်နေ့ထုတ် ဆင်ဟွာသတင်းတစ်ရပ်တွင် လာအိုနိုင်ငံသည် ပြည်ပသို့ လျှပ်စစ်ဓာတ်အား ၆၄၅၇ မဂ္ဂါဝပ် ထုတ်လုပ်တင်ပို့ထားသည်။ ဤပမာဏသည် ၂၀၁၆ ခုနှစ်မတိုင်မီက တင်ပို့ခဲ့မှုထက် ၁၄၅ ရာခိုင်နှုန်း ပိုမိုနေသည်ဟုဖော်ပြထားသည်။

လာအိုနိုင်ငံ၏ ဓာတ်အားပေးစက်ရုံ ၇၁ ရုံနှင့် ဓာတ်အားလိုင်းများ ချိတ်ဆက်နိုင်မှုသည်လည်း ၂၀၂၀ ပြည့်နှစ်တွင် ကီလိုမီတာ ၆၅၅၆၃ (၄၂၀၀၀) မိုင် သွယ်တန်းထားပြီဖြစ်သည်။

၂၀၂၂ ခုနှစ်တွင် ပြီးစီးတော့မည့် ၅၂၀ မဂ္ဂါဝပ် တပ်ဆင်ထားသော Nam Theun-1 စက်ရုံ၊ ၄၈၀ မဂ္ဂါဝပ်တပ်ဆင်ထားသော Nam Theun-3 စက်ရုံတို့မှ ရေအားလျှပ်စစ်ဓာတ်အားကိုလည်း ထိုင်းနိုင်ငံကို ဆက်လက်တင်ပို့မည်ဟု သိရသည်။ လက်ရှိ ၂၀၂၀ ပြည့်နှစ်ထိ ထိုင်းနိုင်ငံသို့ ရောင်းချထားသောမဂ္ဂါဝပ်မှာ ၅၆၂၀ မဂ္ဂါဝပ်ရှိနေပြီဖြစ်သည်။ လာအိုနိုင်ငံသည် ထိုင်းနိုင်ငံတစ်နိုင်ငံတည်းကိုပင် ၂၀၃၀ ပြည့်နှစ်အတွင်း လျှပ်စစ်ဓာတ်အား ၉၀၀၀ မဂ္ဂါဝပ် ရောင်းချရန် စာချုပ်ထားပြီးဖြစ်သည်။

အလားတူပင် လာအိုနိုင်ငံသည် ၂၀၁၉ ခုနှစ်ထိ ဗီယက်နမ်နိုင်ငံသို့ လျှပ်စစ်ဓာတ်အား ၅၇၀ မဂ္ဂါဝပ် ရောင်းချခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် ၁၀၀၀ မဂ္ဂါဝပ်ထိ တိုးရောင်းလာသည်။ ၂၀၂၅ ခုနှစ်တွင် ၃၀၀၀ မဂ္ဂါဝပ်နှင့် ၂၀၃၀ ပြည့်နှစ်တွင် ၅၀၀၀ မဂ္ဂါဝပ်ထိတိုး၍ ရောင်းချရန် စီစဉ်နေသည်။

အဆိုပါသတင်းမှာပင် လက်ရှိမြန်မာနိုင်ငံသို့ လာအိုနိုင်ငံမှ ၁၀ မဂ္ဂါဝပ်ရောင်းချထားပြီး ၂၀၂၂ ခုနှစ်တွင် ၂၀ မဂ္ဂါဝပ်ထိရောင်းချမည်။ ၂၀၂၃ ခုနှစ်တွင် ၁၀၀ မဂ္ဂါဝပ်နှင့် ၂၀၂၅ ခုနှစ်တွင် ၃၀၀ မဂ္ဂါဝပ်ထိတိုး၍ ရောင်းချသွားမည်ဟုလည်းဆိုသည်။

အလားတူပင် လာအိုနိုင်ငံသည် အိမ်နီးချင်းကမ္ဘောဒီးယားနိုင်ငံကို ၂၀၃၀ ပြည့်နှစ်အတွင်း လျှပ်စစ်ဓာတ်အား ၆၀၀၀ မဂ္ဂါဝပ်ထိ ရောင်းချပေးမည့် သဘောတူညီချက်ကို ၂၀၁၉ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်သည်ဟုဆိုသည်။

လာအိုနိုင်ငံအစိုးရသည် အိမ်နီးချင်းသာမက ထိုင်းနိုင်ငံကိုကျော်၍ မလေးရှားနိုင်ငံသို့ပင် ဓာတ်အား ၃၀၀ မဂ္ဂါဝပ် ရောင်းချပြီးဖြစ်နေသည်။

လာအိုနိုင်ငံတွင် လောလောဆယ် စက်ရုံ ၆၃ ရုံတွင် ၇၂၁၃ မဂ္ဂါဝပ် တပ်ဆင်ထားပြီး နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၃၇၀၃၅ သန်းထုတ်လုပ်ပေးနေသည်။

ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ၃၇ ရုံမှာ တည်ဆောက်နေဆဲဖြစ်ရာ ၂၀၂၀ ခုနှစ်တွင် အသီးသီး ဓာတ်အားစတင်ပေးနိုင်တော့မည်ဟုဆိုသည်။

လာအိုနိုင်ငံ၏ ဤမျှများပြားလှသော ဓာတ်အားပေးစက်ရုံများမှ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို အချိန်မီသယ်ပို့ရေးအတွက် ဓာတ်အားလိုင်းကြီးများ၊ ဓာတ်အားခွဲရုံကြီးများ အချိန်မီပြီးစီးရမည်ဖြစ်သည်။ ပြည်ပသို့ ပို့၍ရောင်းချမည့် ဓာတ်အားသည် တည်ငြိမ်ရမည်၊ ဗို့အား (Volt) နှင့် ကြိမ်နှုန်း (Frequency) မှန်ကန်ရမည် စသည့် အရည်အသွေးများလည်းလိုအပ်သည်။

၂၀၂၀ ခုနှစ် မတ်လ ၁၈ ရက်နေ့ သတင်းဌာနတစ်ခု၏ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်ကို ကောက်နုတ်ဖော်ပြရပါက-

ဤလုပ်ငန်းကြီးကို စီမံခန့်ခွဲရန် (ဓာတ်အားစနစ်စီမံခန့်ခွဲရန်)နှင့် ၂၃၀ ကီလိုဗို့နှင့် ၅၀၀ ကီလိုဗို့ မဟာဓာတ်အားလိုင်းများ အချိန်မီတည်ဆောက်ရန် လာအိုလျှပ်စစ်ကော်ပိုရေးရှင်း (Electricite du Laos) နှင့် တရုတ်တောင်ပိုင်း ဓာတ်အားလိုင်းကုမ္ပဏီ (China Southern Power Grid Company) တို့ ရှယ်ယာခွဲဝေဆောင်ရွက်မည့် သဘောတူညီချက် လက်မှတ်ရေးထိုးပြီးဖြစ်သည်။ တရုတ်ကုမ္ပဏီသည် အဓိက ရှယ်ယာပိုင်ရှင်ဖြစ်သည်။ လုပ်ကိုင်ခွင့်သက်တမ်း (Concession Right) ၂၅ နှစ်ခွင့်ပြုပေးသည်။ သက်တမ်းကုန်ဆုံးပါက တည်ဆောက်ထားသည့် ဓာတ်အားလိုင်းများနှင့် ဓာတ်အားထိန်းချုပ်စနစ်များအားလုံး လာအိုနိုင်ငံပိုင်ဖြစ်လာမည်။ ပညာရှင်များ လာအိုနိုင်ငံတွင် များစွာကျန်ရှိခဲ့မည်။ ကမ္ဘာနှင့်ရင်ဘောင်တန်းရန် ကြိုးပမ်းနေသည့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏နည်းမှာ အလုပ်လုပ်ရင်း ပညာသင်၊ ပညာသင်ရင်း ဝင်ငွေရှာသည့်ပုံစံဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

---

ကျောက်ဆည်၊ လူမှုရေး

## ကျောက်ဆည်မြို့နယ်၌ သရက်သီးအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနနှင့် ကျောက်ဆည်တက္ကသိုလ် ရုက္ခဗေဒဌာနတို့ ပူးပေါင်းဖွင့်လှစ်သော သရက်သီးအခြေခံ (ယို၊ ဖျော်ရည်၊ ဝိုင်) တန်ဖိုးမြှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဇွန်လ ၁၀ ရက်တွင် ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူက ကျောက်ဆည်မြို့နယ် ဟံမြင့်မိုရ်ကျေးရွာသည် စိန်တစ်လုံးသရက်သီးအပါအဝင် သရက်သီးများ ထွက်ရှိရာဒေသဖြစ်ရာ ဒေသခံများအနေဖြင့် သရက်သီးအမျိုးအစားများ၏ သဘောသဘာဝဖြစ်သော ချို/ချဉ်အရသာများကို သိရှိထားပြီး သင်တန်းတွင် သင်ကြားပေးလိုက်သော ယို၊ ဖျော်ရည်၊ ဝိုင်များကို ပုံစံမျိုးစုံဖြင့် အောင်မြင်စွာထုတ်လုပ်၍ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်ရောင်းချနိုင်ရေး ကြိုးစားဆောင်ရွက်ရန် အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျဝင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်တွင် သမဝါယမဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ရှိပြီး သင်တန်းသား၊ သင်တန်းသူများအနေဖြင့် လုပ်ငန်းများထူထောင်သည့်အခါ လိုအပ်သည့်အရင်းအနှီးများရှိပါက ဆက်စပ်ဦးစီးဌာနများနှင့်ချိတ်ဆက်ကာ လိုအပ်သည့်စက်ပစ္စည်းများကို စိုက်ထုတ်ဝယ်ယူပေးခြင်း၊ အတိုးနှုန်းသက်သာစွာ ချေးငွေထုတ်ပေးခြင်းများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ဆည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူနှင့်တာဝန်ရှိသူများက သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဇေယျဝင်းက သင်တန်းနည်းပြဆရာများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သရက်သီးနှင့်ဆက်စပ်ပစ္စည်းများထုတ်လုပ်သည့်လုပ်ငန်းများကို စိတ်ပါဝင်စားသော ဒေသခံများ တက်ရောက်ကြောင်း သိရသည်။

**ချမ်းမြေ့**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်စွာလင်းက တပ်မတော်ဝါစိုက်ပျိုးရေးတပ်များ ဝါစိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တပ်မတော်ဝါစိုက်ပျိုးရေးတပ်များသို့ရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအား လိုက်နာဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

☆ ရှေ့ဖုံးမှအဆက်

အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုနှင့် ဆက်လက်စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိမှုအခြေအနေများကိုလည်းကောင်း၊ စက်ရုံမှူး ဦးခိုင်ရွှေက တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ စက်ရုံသမိုင်းအကျဉ်းနှင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများ၊ ဝန်ထမ်းများခန့်အပ်ထားရှိမှုနှင့် ဝန်ထမ်းများ၏ သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများနှင့် ပတ်သက်၍လည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှင်းလင်းတင်ပြမှုများအပေါ် လမ်းညွှန်မှာကြားစဉ်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဝါစိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် မြေအရည်အသွေးစစ်ဆေးခြင်း သုတေသနလုပ်ငန်းများကို ဦးစွာဆောင်ရွက်ပြီး မြေဆီလွှာအမျိုးအစားအလိုက် စနစ်တကျပြုပြင်ဆောင်ရွက်သွားရန်လိုကြောင်း၊ လိုအပ်သည့်သွင်းအားစုများအပြည့်အဝထည့်သွင်းရန်နှင့် စိုက်ပျိုးရေရရှိအောင်ဆောင်ရွက်ပေးရန်လည်းလိုကြောင်း၊ စိုက်ပျိုးသည့်မြေအမျိုးအစားအလိုက်ထွက်ရှိသင့်သည့်အထွက်နှုန်းများကို လေ့လာဆန်းစစ်ရန်နှင့် အထွက်နှုန်းပြည့်မီစေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ကြရန်လိုပြီး A Grade အမျိုးအစားဝါများထွက်ရှိအောင် ကြိုးစားဆောင်ရွက်ကြရန်လိုကြောင်း၊ ဝါအမျိုးအစားအများအပြားစိုက်ပျိုးခြင်းထက် တစ်မျိုးတည်းကိုသာစိုက်ပျိုး၍ အရည်အသွေးကောင်းမွန်သည့်ဝါများထွက်ရှိလာအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ပိတ်စအထည်အလိပ်များကောင်းမွန်ရန်အတွက် အခြေခံဖြစ်သည့်ဝါသည်ကောင်းမွန်ရမည်ဖြစ်သဖြင့် ဝါစိုက်ပျိုးမှုမှ အရည်အသွေးမြင့်ဝါများထွက်ရှိလာရန်လည်းလိုအပ်ကြောင်း၊ တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)အနေဖြင့် တပ်မတော်မှလိုအပ်သည့် အဝတ်အထည်နှင့် ချည်အသုံးအဆောင်ပစ္စည်းများကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှချည်မျှင်နှင့်အထည်အလိပ်များကို တင်သွင်းရလျက်ရှိပြီး ပြည်ပသွင်းကုန်များ လျှော့ချနိုင်ရန်အတွက် ပြည်တွင်းရှိ ချည်မျှင်နှင့်အထည်စက်ရုံများမှ လုံလောက်စွာ ထုတ်လုပ်နိုင်ရန်လိုကြောင်း၊ နေ့စဉ်ဝတ်စားဆင်ယင်မှုတွင် အသုံးများသည့် တီရှပ်၊ စွပ်ကျယ်ကဲ့သို့သော အခြေခံအဝတ်အထည်ပစ္စည်းများနှင့် အသုံးအဆောင်ပစ္စည်းများအား ပြည်တွင်း၌လုံလောက်စွာထုတ်လုပ်၍ ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း။

အဝတ်အထည်များအား အရောင်အသွေးစုံလင်စွာဖြင့် ဈေးကွက်အတွင်း လူကြိုက်များသည့် ပုံစံအမျိုးအစားအလိုက် ထုတ်လုပ်ရောင်းချသွားရန်လိုကြောင်း၊ အခြားဈေးကွက်လိုအပ်ချက်ရှိသည့် ဟိုတယ်သုံးပစ္စည်းများနှင့် ပုဂ္ဂလိကသုံးပစ္စည်းများကိုလည်း အရည်အသွေးပြည့်မီစွာထုတ်လုပ်၍ ဈေးကွက်ရရှိရေး စဉ်းစားဆောင်ရွက်ကြရန်လိုအပ်သကဲ့သို့ လုပ်ငန်းအောင်မြင်တိုးတက်စေရေးအတွက် သုတေသနပြုလုပ်ငန်းများအား ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ချည်မျှင်နှင့်အထည်စက်ရုံများသည် နိုင်ငံအတွက်လွန်စွာအကျိုးရှိသည့် စက်ရုံများဖြစ်သဖြင့် နိုင်ငံ့လိုအပ်ချက်များအား ပြည့်မီစွာထုတ်လုပ်၍ ပြည်သူများဈေးနှုန်းသက်သာစွာဖြင့် အဝတ်အထည်များအား အသုံးပြုနိုင်ရေး စနစ်တကျစဉ်းစားသုံးသပ်ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ခင်းကျင်းပြသထားသည့် စက်ရုံထုတ် အထည်အလိပ်ပစ္စည်းများကို ကြည့်ရှုသည်။ **စာမျက်နှာ ၆ သို့** ☆

■■ ဝါစိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရေးအတွက် မြေအရည်အသွေးစစ်ဆေးခြင်း သုတေသနလုပ်ငန်းများကို ဦးစွာဆောင်ရွက်ပြီး မြေဆီလွှာအမျိုးအစားအလိုက် စနစ်တကျပြုပြင်ဆောင်ရွက်. . .

■■ တပ်မတော်အနေဖြင့် စံနမူနာပြဖြစ်အောင် ဆောင်ရွက်ကြရန်လိုပြီး A Grade အမျိုးအစားဝါများထွက်ရှိအောင် ကြိုးစားဆောင်ရွက်ကြရန်လို၊ ဝါအမျိုးအစားအများအပြားစိုက်ပျိုးခြင်းထက် တစ်မျိုးတည်းကိုသာစိုက်ပျိုး၍ အရည်အသွေးကောင်းမွန်သည့်ဝါများထွက်ရှိလာအောင်ဆောင်ရွက်. . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စက်ရုံထုတ်အထည်အလိပ်ပစ္စည်းများကို ကြည့်ရှုစဉ်။

☆ **စာမျက်နှာ ၅ မှအဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း ချည်မျှင်နှင့်အထည်များအား အဆင့်ဆင့် ထုတ်လုပ်နေမှု အခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှူး နှင့် တာဝန်ရှိသူများ၏တင်ပြချက်များ အပေါ် လိုအပ်သည်များညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကာ စက်ရုံဝန်ထမ်းများ အတွက် ချီးမြှင့်ငွေများပေးအပ်သည်။

အဆိုပါတပ်မတော်ချည်မျှင်နှင့်အထည် စက်ရုံ(သမိုင်း)မှ ချည်မျှင်ညို၊ တက်ထရက် ပိတ်ညို၊ စွပ်ကျယ်ပိတ်ညို၊ ပဝါပိတ်ညို၊ သက္ကလပ်များ၊ တက်ထရက်ပိတ်ရောင်စုံ၊ စွပ်ကျယ်ပိတ်ရောင်စုံ၊ ပဝါရောင်စုံ၊ တီရှပ် မျိုးစုံ၊ စပို့ရှပ်မျိုးစုံ၊ နိုင်လွန်တာဖက်တာများ၊ ဆေးဂွမ်းလိပ်များ၊ အိပ်ရာခင်းရောင်စုံတို့ အပြင် အဝတ်အထည်နှင့်အသုံးအဆောင် ပစ္စည်းအမျိုးမျိုးတို့ကို အရည်အသွေး ပြည့်မီစွာထုတ်လုပ်၍ တပ်မတော်၏ လိုအပ်ချက်နှင့် ပြည်တွင်းဈေးကွက်လိုအပ် ချက်အား ဈေးနှုန်းသက်သာစွာဖြင့် တစ်ဖက် တစ်လမ်းမှ ဖြည့်ဆည်းဆောင်ရွက်ပေး လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။











နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)အတွင်း ချည်မျှင်နှင့်အထည်များအား အဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)အတွင်း ချည်မျှင်နှင့်အထည်များအား အဆင့်ဆင့်ထုတ်လုပ်နေမှုအခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ချည်မျှင်နှင့်အထည်စက်ရုံ(သမိုင်း)ရှိ စက်ရုံဝန်ထမ်းများအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။

နေပြည်တော် ဇွန် ၁၀

# တနင်္သာရီတိုင်းဒေသကြီးအတွင်း စပါးအထွက်နှုန်းတိုးတက်ရေးနှင့် ဒေသဝမ်းစာဖူလုံမှုရှိစေရေးဆောင်ရွက်





တိုက်ရိုက်မျိုးစေ့ချကိရိယာ(Seeder) ဖြင့် စပါးစိုက်ပျိုးနည်း ကွင်းသရုပ်ပြပွဲနှင့် မြိတ်မြို့နယ် ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ အကျိုးဆောင်တောင်သူများ အတွက် မျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေဩဇာ နှင့် သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ် ခြင်းအခမ်းအနားကို ဇွန်လ ၈ ရက်က တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျွဲကူးရွာ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက် အားပေးသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက တနင်္သာရီတိုင်းဒေသကြီးအတွင်း စပါးအထွက် နှုန်းတိုးတက်ရေးနှင့် ဒေသဝမ်းစာဖူလုံမှုရှိစေ ရေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဧက အထွက်နှုန်းတိုးတက်ရေးအတွက် ရေမြေ ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့် မျိုးစေ့များနှင့် အရည်အသွေးပြည့်မီသော စိုက်ပျိုးရေးသွင်းအားစုများ အသုံးပြုပြီး စိုက်ပျိုးနည်းစနစ်မှန်ကန်စွာဆောင်ရွက်ရန် တောင်သူများနှင့် သက်ဆိုင်ရာဌာနများ ဟန်ချက်ညီပူးပေါင်းဆောင်ရွက်ရန် လိုအပ် ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေး ဦးစီးဌာနမှူးက တနင်္သာရီတိုင်းဒေသကြီး၏ နှစ်စဉ်စိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ဒေသဝမ်းစာ ဖူလုံရေးအတွက် ဘဏ္ဍာရေးနှစ်အလိုက် စီမံ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက အကျိုးဆောင်တောင်သူများအား မျိုးစပါး၊ ကွန်ပေါင်းဓာတ်မြေဩဇာနှင့် သဘာဝ မြေဩဇာများကို ထောက်ပံ့ပေးအပ်ကာ ဘဲနှင့်ငါးတွဲဖက်မွေးမြူထားရှိမှု၊ တိုက်ရိုက် မျိုးစေ့ချကိရိယာဖြင့် စပါးစိုက်ပျိုးနည်း ကွင်းသရုပ်ပြမှုများကို ကြည့်ရှုသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဥယျာဉ်ခြံ၊ ဟင်းသီးဟင်းရွက်နှင့် အပင်ဇီဝနည်း ပညာဌာန ရွှေဒူးဥယျာဉ်ခြံတွင် ကော်ဖီနှင့် ကိုကိုးစိုက်တောင်သူများအား တွေ့ဆုံ၍ ဒေသရေမြေနှင့်ကိုက်ညီပြီး အလားအလာ ကောင်းသည့် ကော်ဖီ၊ ကိုကိုးနှင့် ဟင်းခတ် အမွှေးအကြိုင်ပင်များ တိုးချဲ့စိုက်ပျိုးလုပ်ကိုင် နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ကော်ဖီပျိုးပင်နှင့် ကိုကိုးပျိုးပင်များကို ပေးအပ်ရာ တောင်သူ ကိုယ်စားလှယ်များက လက်ခံရယူကြ သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မွေးမြူရေးသုတေသနစခန်း(ကျွန်းစု)၌ ရေနေ သတ္တဝါဆိုင်ရာ မျိုးရိုးဗီဇနှင့် သဘာဝအရင်း အမြစ်များ ထိန်းသိမ်းခြင်းသုတေသန လုပ်ငန်းများ၊ မျိုးမွေးမြူထိန်းသိမ်းခြင်း၊ မျိုးကောင်းမျိုးသန့် ပွားများထုတ်လုပ်ခြင်း ဆိုင်ရာသုတေသနလုပ်ငန်းများ ဆောင်ရွက် ရန်ပြင်ဆင်ပြီးစီးမှု၊ ဓာတ်ခွဲခန်းတည်ဆောက် မည့်မြေနေရာ၊ ဥဖောက်ကန်နှင့် သက်ရှိ အစာမွေးခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၁၀

# တရားမအထူးအယူခံမှု(၁၀)မှုကို စီရင်ချက်ချမှတ်ပြီး ရာဇဝတ်အထူးအယူခံမှု(၁)မှုနှင့် တရားမအထူးအယူခံမှု(၆)မှုတို့ကို ရုံးထိုင်ကြားနာ

ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမျိုးတင့်၊ ဦးခင်မောင်ကြီး၊ ဦးသောင်းနိုင်၊ ဒေါ်ပြုံးပြုံး အေးတို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စု တရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁)၌ ရုံးထိုင်၍ တရားမအထူးအယူခံမှုအမှတ် ၄၁/၂၀၂၃ (စစ်ကိုင်း)၊ ၂/၂၀၂၄(ရန်ကုန်)၊ ၈/၂၀၂၄ (ကချင်)၊ ၁၃/၂၀၂၄(ရန်ကုန်)၊ ၁၅/၂၀၂၄ (မန္တလေး)၊ ၉/၂၀၂၄ (မကွေး)၊ ၁၁/၂၀၂၄ (မန္တလေး)၊ ၁၂/၂၀၂၄ (ရန်ကုန်)၊ ၁၆/၂၀၂၄ (မန္တလေး) နှင့် ၁၇/၂၀၂၄ (မန္တလေး) စုစုပေါင်းတရားမအထူးအယူခံမှု (၁၀)မှုကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် ရာဇဝတ်အထူးအယူခံမှုအမှတ် ၄/၂၀၂၄ (တနင်္သာရီ)၊ တရားမအထူး အယူခံမှုအမှတ် ၆/၂၀၂၄ (မန္တလေး)၊ ၁၈/၂၀၂၄ (ရန်ကုန်)၊ ၂၀/၂၀၂၄ (ရန်ကုန်)၊ ၂၂/၂၀၂၄ (ဧရာဝတီ)၊ ၂၄/၂၀၂၄ (ရန်ကုန်)နှင့် ၂၅/၂၀၂၄(မကွေး) စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု(၁)မှုနှင့် တရားမ အထူးအယူခံမှု (၆) မှုတို့ကို ရုံးထိုင်ကြားနာ ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ **“ပြည်သူ့ကြားက ပြည်သူ့စကား”**အစီ အစဉ်မှ **“ဦးနှောက်အာဟာရပြည့်ဝဖို့ စာပေကဏ္ဍမြှင့်တင်စို့”**ခေါင်းစဉ်ဖြင့် ၁၂-၆-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ထားဝယ်မြို့အဝင်ရှိ အိမ်ရှေ့ပြင်စာသင်ကျောင်းကို PDF စစ်သွေးကြွတွေ ပုံးဖောက်ခွဲမှုကြောင့် ကလေးငယ် ၃ ဦးသေဆုံးကာ ၂၀ ကျော် ဒဏ်ရာရရှိခဲ့မှု”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေး လိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီ အတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း နှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နေပြည်တော် ဇွန် ၁၀

# ၂၀၂၄ ခုနှစ် ဇွန်လ ဒုတိယ (၁၀) ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ် ဖြစ်ပေါ် နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်မှ အားကောင်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန် တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ရွာသွန်းမြဲ အောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း နှင့်တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ် တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်း တိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ် တို့တွင် ၄ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၅ ပေမှ ၉ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင် ၃ ပေမှ ၅ ပေခန့်နှင့် အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန် မြို့တို့တွင် ၆ ပေမှ ၁၁ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်း လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၇ ပေမှ ၁၀ ပေခန့်နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၃ ပေမှ ၅ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၅ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ၁ ပေမှ ၃ ပေခန့်၊ စစ်တောင်း မြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်၊ ရွှေကျင် မြစ်ရေသည် ရွှေကျင်မြို့တွင် ၂ ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူ မြို့နှင့် ပဲခူးမြို့တို့တွင် ၂ ပေမှ ၃ ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံ မြို့တွင် ၂ ပေခန့်၊ ငဝန်မြစ်ရေသည် ပုသိမ်မြို့တွင် ၁ ပေခွဲခန့်၊ တိုးမြစ် ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်း မြို့တွင် ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၅ ပေခန့်နှင့် ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၅ ပေခန့်နှင့် သာပေါင်းမြို့တွင် ၁ ပေခန့် လက်ရှိ ရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

**(မိုး/ဇလ)**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# ရန့်သင်းမွှေး ပန်းကလေးတို့၏အလှ

ဘုန်းမောင်ဝင်း(ဖျာပုံ)



မြန်မာနိုင်ငံသည် မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် သဘာဝသယံဇာတပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ ရေမြေတောတောင် မြစ်ချောင်းအင်းအိုင်များကလည်းစုံလင်သည်။ ရာသီဥတုကလည်းမျှတ၍ နွေမိုးဆောင်းဥတုသုံးလီ ရာသီဆယ့်နှစ်ပါးနှင့်ပြည့်စုံသည်။ နွေတွင်နွေအလျောက် မိုးတွင်မိုးအလျောက် ဆောင်းသို့ရောက်လျှင် ဆောင်းအလျောက် သဘာဝနှင့်လိုက်လျောညီထွေဖြစ်အောင်နေထိုင်လုပ်ဆောင်ကြရသည်။ ယခုအခါမိုးဦးကျရာသီသို့ရောက်လာပြီဖြစ်သည်။ မိုးဦးကျရာသီမှာလူသားတို့၏စိတ်နှလုံးကိုအေးမြလန်းဆန်းစေသည်။ သစ်ပင်များရွက်ဟောင်းကြွေသွားပြီး ရွက်သစ်များထွက်လာချိန်ဖြစ်သည်။ မည်သည့်နေရာကိုကြည့်ကြည့်သစ်ပင်တို့စိမ်းစိမ်းစိုစိုရှိနေသည်။

သစ်ပင်ပန်းမန်တို့သည် ရန့်မွှေးပျံ့သင်းကြိုင်လျက်ရှိသည်။ ထိုမြင်ကွင်းကိုထပ်ဆင့်ကြည်နူးစေသည်မှာ ကျောင်းသား၊ ကျောင်းသူတို့၏ ကျောင်းတက်နေသည့်မြင်ကွင်းများဖြစ်သည်။ **“ရန့်သင်းမွှေး၊ ပန်းကလေးတို့၊ ကြည်အေးရွှင်ပျ၊ လှလည်းလှသည်၊ အလှများစုံ၊ ပန်းရဂုံသို့၊ လှပုံထူးစွာ၊ မြင်ရပါသည်၊ ခုခါကျောင်းများဖွင့်လေပြီ”** ဟူသော ကဗျာစာသားလေးက စာရေးသူ၏စိတ်ထဲတွင်ပေါ်လာသည်။ အမှန်တကယ်လည်း ကျောင်းသား၊ ကျောင်းသူတို့၏ကျောင်းတက်နေသည့်မြင်ကွင်းများ၊ ကျောင်းများတွင် အတန်းလိုက် အခန်းလိုက်ပညာသင်ကြားပို့ချနေမှုများသည် မြင်ရသူတို့စိတ်ဘဝင်တွင်လှလည်းလှလွန်းသည်။ လှပုံမှာလည်း နိုင်ငံအတွက် ထူးခြားစွာလှနေခြင်းဖြစ်သည်။



နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုတွင် ပညာတတ်များပေါကြွယ်ဝမှုသည် အဓိကကျလှသည်။ ပညာတတ်များ၊ တစ်နည်းဆိုရလျှင် လူသားအရင်းအမြစ်များထွန်းကားနေသည့်နိုင်ငံသည် ဖွံ့ဖြိုးတိုးတက်ရေးလမ်းကြောင်းပေါ်တွင်ရှိနေမည်သာဖြစ်သည်။ လူသားအရင်းအမြစ်ဆိုသည်မှာ မည်သည့်အခါမျှ ကုန်ဆုံးနိုင်ဖွယ်မရှိသည့်အရာဖြစ်သည်။ ထိုအရာသည် မျိုးဆက်သစ်အဆက်ဆက်တို့ ဆက်ခံကျင့်သုံးနေရမည့်အရာဖြစ်သည်။ **“ပညာပေါကြွယ်၊ ကမ္ဘာ့အလယ်မှာ၊ မြန်မာတို့ခေတ်၊ မြသားနှစ်”** သို့ တန်ဖိုးကြီးမားစွာရှိနေရန်မှာ ကျောင်းသား၊ ကျောင်းသူများ၏ပညာရေးတွင် ကြိုးစားသင်ယူမှု၊ တတ်မြောက်မှုတို့သည် အခြေခံအုတ်မြစ်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ၊ အဆင့်မြင့်တက္ကသိုလ်များအားလုံးကို ဇွန်လ ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီဖြစ်သည်။ နိုင်ငံအတွက်အဓိကကျလှသော အခြေခံပညာကျောင်းများအားလုံးအတွက် ကျောင်းအပ်နှံရေးသီတင်းပတ်ကို မေလ ၂၃ ရက်မှ ဇွန်လ ၂ ရက်အထိသတ်မှတ်ထားပြီး ကျောင်းအပ်လက်ခံပေးခဲ့သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ် အခြေခံပညာကျောင်းများကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့်ကိုယ်ပိုင်ကျောင်းများအားလုံး ဇွန်လ ၃ ရက်က စတင်ဖွင့်လှစ်ခဲ့ရာ ဇွန်လ ၁၀ ရက်နေ့အထိ ကျောင်းအပ်နှံသည့်ကျောင်းသား၊ ကျောင်းသူ ၆၉၄၆၁၄၇ ဦးဖြစ်ပြီး ၆၇၅၇၇၀၇ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်မှာ လွန်စွာမှပင်ကြည်နူးဝမ်းမြောက်ဖွယ်ကောင်းလှသည်။

မသမာသူတို့၏လှုံ့ဆော်ဝါဒဖြန့်ချိမှုအမှားတွင် ရောယောင်လိုက်မိကြသော မိဘများသည်လည်း မိမိတို့၏အမှားများကိုသိမြင်ကာ သားသမီးများကို ကျောင်းအပ်နေကြပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ၊ ပညာသင်ကြားမှုတွင် ကျောသားရင်သားမခွဲခြားဘဲ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းအပ်နှံနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားပြီးဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသား၊ ကျောင်းသူများကို သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးထားပြီး KG နှင့်မူလတန်းကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်လျက်ရှိသည်။ စာသင်ကျောင်းများအားလုံးကို စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများနေရာချထားခြင်း၊ ကျောင်းကြို/ပို့ ယာဉ်များစီစဉ်ပေးခြင်း၊ ကျောင်းများသန့်ရှင်းသာယာလှပရေးနှင့် ကျောင်းများဥပမိရုပ်ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည်မှာ ပညာရေးကဏ္ဍကို အလေးအနက်ထားခြင်းဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၆ တွင် “နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကချမှတ်ထားသော ပညာရေးဆိုင်ရာမူဝါဒများနှင့်အညီ (က) ပညာသင်ကြားပိုင်ခွင့်ရှိသည်။ (ခ) ဥပဒေဖြင့်ပြဋ္ဌာန်းသည့် မသင်မနေရအခြေခံပညာများကို သင်ကြားရမည်။ (ဂ) သိပ္ပံပညာစူးစမ်းရှာဖွေမှု၊ စာပေနှင့်အနုပညာခေတ်မီတိုးတက်စေရန် တီထွင်ကြံဆဖော်ထုတ်ရေးသားမှုနှင့် ယဉ်ကျေးမှုကိစ္စများတွင် လွတ်လပ်စွာ သုတေသနပြု ဖော်ထုတ်ဆောင်ရွက်ခွင့်ရှိသည်”ဟု လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၃၆၈ တွင် “နိုင်ငံတော်သည်ပညာရည်ထူးချွန်သော နိုင်ငံသားများအားလူမျိုး၊ ကိုးကွယ်ရာဘာသာ၊ အမျိုးသား၊ အမျိုးသမီးခွဲခြားမှုမထားရှိဘဲ ယင်းတို့၏အရည်အချင်းအလိုက် ချီးမြှောက်ထောက်ပံ့မည်”ဟု လည်းကောင်း ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်အနေဖြင့် ပညာရေးနှင့်ပတ်သက်လာလျှင် အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆရာ၊ ဆရာမများကိုလည်း အဆင့်လိုက်ထောက်ပံ့မှုများပေးလျက်ရှိသည်။ ပညာရေးဆိုသည်မှာ ဆရာများ၏အခန်းကဏ္ဍက အထူးပင်အရေးပါလှသည်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ဆိုသကဲ့သို့ လမ်းကောင်းလမ်းမှန်ရောက်ကာ တိုးတက်ကြီးပွားသွားသော ကျောင်းသား၊ ကျောင်းသူများ များစွာပေါ်ထွက်ဖို့ လိုအပ်လှသည်။ ပညာရေးကို တန်ဖိုးထားမြတ်နိုးသောတပည့်များ၊ ဆရာများရှိနေမှသာ နိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးကို နိုင်ငံတော်ကဦးတည်ချက်ချမှတ်ဆောင်ရွက်နေသည်။

ဗလငါးတန်ဆိုသည်မှာ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့်ဘောဂဗလတို့ဖြစ်သည်။ ထိုဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသား၊ ကျောင်းသူများဖြစ်လာစေရန် အနီးကပ်သွန်သင်ပြသပေးနိုင်သူမှာ ဆရာ၊ ဆရာမများဖြစ်သည်။ ဆရာ၊ ဆရာမအားလုံး၏စိတ်တွင် နိုင်ငံရေးဆိုသည်ထက် နိုင်ငံ့အရေးကိုသာရှုမြင်ကြရမည်ဖြစ်သည်။ သို့မှသာဖြူစင်သန့်ရှင်းအရောင်အစွဲကင်းသောပညာရေးကို ကျောင်းသား၊ ကျောင်းသူတို့ သင်ယူတတ်မြောက်နိုင်ကြမည်ဖြစ်သည်။

ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ဒေသရှိကလေးငယ်များ၏အနာဂတ်ကောင်းမွန်ရေးမှာ နိုင်ငံရေးနှင့်နိုင်ငံ့အရေးကို ကွဲပြားစွာသိမြင်ကြရန်လိုအပ်သည်။ ထိုသို့သိမြင်နေရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အသိပညာ၊ အတတ်ပညာများကြွယ်ဝသည့်ပညာတတ်များ များပြားမှသာလျှင် ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အသိပညာနည်းပါးနေပါက ဒေသတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေပညာရေးကို အားပေးဆောင်ရွက်လျက်ရှိသကဲ့သို့ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်စေရေးနှင့် အသိပညာများတိုးပွားစေရေးအတွက်လည်း အားပေးဆောင်ရွက်လျက်ရှိသည်။ ထိုအခြေအနေများကို ဒေသခံပြည်သူများအနေဖြင့် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

သင်ကြားရေးနှင့်ပတ်သက်၍ အတတ်ပညာတစ်ခုကို သင်ယူတတ်မြောက်အောင် လေ့ကျင့်သင်ကြားပေးခြင်းနှင့် ၎င်းအတတ်ပညာကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချနိုင်သူများဖြစ်အောင် လေ့ကျင့်သင်ကြားပေးမှုဟူ၍ရှိသည်။ ဆရာ၊ ဆရာမများအနေဖြင့် လေ့ကျင့်သင်ကြားရာတွင် စာပေပိုင်းဆိုင်ရာပညာရပ်ကို သင်ကြားပေးခြင်းနှင့်အတူ လူငယ်တို့၏စိတ်ဓာတ်ကောင်းမွန်ရေးကိုလည်း ပြုပြင်ပေးကြရမည်ဖြစ်သည်။ ထို့အတူ မိမိတို့၏ရင်ဝယ်သားသမီးများကဲ့သို့ ကျောင်းသား၊ ကျောင်းသူတို့၏ ကျန်းမာရေးကိုလည်း အလေးထားစောင့်ရှောက်ပေးကြရမည်ဖြစ်သည်။ လူငယ်ဆိုသည်မှာ အနာဂတ်တွင်နိုင်ငံတော်အတွက် ကျရာတာဝန်များကိုထမ်းဆောင်ကြရမည့်သူများဖြစ်သည်။ ထိုလူငယ်များအားလုံး ပညာပြည့်ဝပြီး နှလုံးလှသူများဖြစ်နေမှသာ နိုင်ငံတော်၏အနာဂတ်သည်လည်း လှပနေမည်ဖြစ်သည်။ ထို့ကြောင့် မိဘဆရာပူးပေါင်း ကလေးပညာကောင်းဆိုသည့်အတိုင်း မိဘများကလည်း ဆရာများနှင့်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူတိုင်းသည် အတန်းပညာများကို တတ်မြောက်အောင်သင်ယူကြရမည်ဖြစ်သည်။ ကျောင်းပညာကို ဆုံးခန်းတိုင်သင်ယူကြမှသာ မိမိတို့၏ဘဝလမ်းခရီးမှာ ချောမွေ့အဆင်ပြေမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နှစ်စဉ်ကျောင်းသား၊ ကျောင်းသူများအတွက် အခမဲ့ပညာရေးစနစ်ကိုကျင့်သုံးကာ ထောက်ပံ့ပေးလျက်ရှိသည်။ ပညာကိုဆုံးခန်းတိုင်သင်ယူခြင်းမရှိပါက မိမိဘဝအတွက် အကျိုးမဲ့စေသကဲ့သို့ မိဘနှင့်နိုင်ငံတော်အတွက်လည်း နစ်နာဆုံးရှုံးမှုဖြစ်စေသည်။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှု၏ အဓိကအခြေခံသည် ပညာတတ်များပေါများခြင်းဖြစ်သည်ဟူသောစကားရပ်မှာ လူငယ်တိုင်း စွဲစွဲမြဲမြဲမှတ်ထားသင့်သည့်စကားရပ်ဖြစ်သည်။

၂၁ ရာစုသည် ပညာခေတ်ဖြစ်ပေရာ အရာရာတိုင်းကို ပညာကသာဦးဆောင်လျက်ရှိသည်။ ပညာဆိုသည့်နယ်ပယ်မှာကျယ်ဝန်းလှသည့်အတွက် ပညာသင်ကြားပေးရာတွင် ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးကျွမ်းကျင်မှုများရရှိအောင် သင်ကြားပေးကြရမည်ဖြစ်သည်။ နိုင်ငံတော်ကချမှတ်ထားသော မြန်မာ့ပညာရေးရည်မှန်းချက်ကို အကောင်အထည်ဖော်ရန်အတွက် သင်ရိုးသစ်ပညာရေးနှင့်အတူ **စာမျက်နှာ ၉ သို့** ➤

ရန်ကုန်  ဇွန်  ၁၀

# မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂) ဖွင့်လှစ်ပြီးနောက် မြဝတီမြို့သို့ ထိုင်းဘက်မှကုန်ပစ္စည်းများ ပုံမှန်တင်သွင်းလျက်ရှိ



မြန်မာ-ထိုင်းချစ်ကြည်ရေးတံတားအမှတ်(၂) ဖွင့်လှစ်ပြီးနောက် မြဝတီမြို့သို့ ထိုင်းဘက်မှ ပုံမှန်ကုန်ပစ္စည်းများတင်သွင်းနေပြီး သယ်ယူပို့ဆောင်ရေးသာ ကြန့်ကြာမှုရှိနေကြောင်း အဆိုပါမြို့တွင် နေထိုင်သူကုန်သည်များထံမှ သိရသည်။

"ကုန်သွယ်မှုကတော့ ပုံမှန်ဆိုပေမယ့် လမ်းခရီးမှာတော့ ကုန်ကားတွေက ရက်ကြာတယ်။ မိုးတွင်းနဲ့လက်ရှိလမ်းတွေက အခုချိန်မှာ ဗွက်တွေဖြစ်နေတော့ နစ်တာပါ။ သယ်ယူပို့ဆောင်ရေးမှာတော့ ကြန့်ကြာတာတွေရှိတယ်လို့ ပြောရမယ်။ တစ်ရက်ကိုဘယ်နှစီးလောက်ဆိုတာမျိုးတော့ ဒီနောက်ပိုင်း ပုံမှန်မရှိတော့ဘူး။ ပုံမှန်မရှိတော့ဘူးဆိုတာက လမ်းခရီးကြောင့်နဲ့ နောက်သွင်းကုန်လိုင်စင်တွေ နည်းနည်းကျဖို့ ခက်ခဲတာနဲ့ဆိုတော့ တောက်လျှောက်ကတော့ တာချီလိတ်တို့ ကော့သောင်းတို့ကိုလည်း ပြောင်းသွားကြတာတွေရှိတော့ ပုံမှန်မရှိဘူး" ဟု မြဝတီမြို့ခံကုန်သည်တစ်ဦးကပြောသည်။

လမ်းခရီးအဆင်ပြေမှုများက ပြည်တွင်းသို့ သယ်ယူမှုများပြီး ရာသီဥတုအခြေအနေကြောင့် လမ်းပိတ်ပါက လျော့ကျသွားလေ့ရှိကြောင်းလည်း ၎င်းကဆိုသည်။

"မြဝတီချစ်ကြည်ရေးတံတားအမှတ်(၂) ဖွင့်လှစ်ပြီးနောက် အဝင်ကတော့ ပုံမှန်ပါပဲ။ ဒီဘက်က လမ်းခရီးအခြေအနေကြောင့် ဟိုဘက်ကို ရက်ရွှေ့တာမျိုးတွေပဲရှိတာပါ။ အဝင်ကတော့ ပုံမှန်ပါပဲ"ဟု ၎င်းကဆက်လက်ပြောသည်။

လက်ရှိတွင် ဒေါနတောင်လမ်းဟောင်းနှင့် ထောကိုကိုးလမ်းအစရှိသည့်တောလမ်းများကို အသုံးပြုသွားလာနေကြကြောင်းလည်း ၎င်းကပြောသည်။

ပြီးခဲ့သည့်ရက်ပိုင်းက မိုးရွာသွန်းမှု များပြားခဲ့သည့်အတွက် မြဝတီမြို့တွင် ရေကြီးရေလျှံမှုဖြစ်ခဲ့သော်လည်း ယခုအခါ ရေပြန်ကျသွားပြီဖြစ်ကြောင်းလည်းသိရသည်။

"တောင်ကျချောင်းကြောင့် ရေကြီးနေတာမဟုတ်ပါဘူး။ မိုးရွာတော့ မိုးရေများလို့ မြောင်းရေကြောင့်လမ်းမှာ ရေလျှံတာမျိုးပါပဲ။ ရေအများကြီး ကြီးတာတော့မဟုတ်ပါဘူး"ဟု မြဝတီမြို့ခံတစ်ဦးကပြောသည်။

***MT***

---

နေပြည်တော်  ဇွန်  ၁၀

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကျင်းပမည်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ရေကူးပြိုင်ပွဲကို ဇွန်လ ၁၂ ရက်မှ ၁၄ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိရေကူးကန်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲသို့ အမျိုးသားအသင်း ၁၁ သင်း၊ အမျိုးသမီးအသင်း ၁၁ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အားကစားကိုစိတ်ဝင်စားသည့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ပြည်သူ့စစ်မှုထမ်းလက်ကမ်းကြို

- ယခုအချိန်တွင်
  အချုပ်အခြာ၊ တည်နေတာကို
  ပျက်ရာပျက်ကြောင်း၊ သွေးခွဲခေါင်းလျှို
  မကောင်းစိတ်ထား၊ ပြည်ဖျက်များကြောင့်
  တို့များနိုင်ငံ၊ မပျက်ရန်တွက်
  အမှန်သိကာ၊ ကာကွယ်မှာက
  တပ်သာအဓိက၊ စွမ်းဆောင်မှုပေါ့
  ရှိကရှိလည်း၊ အားမနည်းအောင်
  ထပ်ကဲဖြည့်မှ၊ တော်ကာကျမည်
  ခုကစလှစ်၊ ပြည်သူ့စစ်ကို
  မဖြစ်မနေ၊ တည်ဆောက်လေမှ
  တို့ပြည်အတွက် တော်မည်လေ။ ။
- (ပြည်သူ့စစ်မှုထမ်းဥပဒေ)
  တို့တွေလိုလား၊ စစ်အင်အားကို
  ကြီးမားတောင့်မှ၊ ရိုကျိုးကြလိမ့်
  ဒီစကားမှာ၊ သတ်မှတ်တာက
  ချိန်ခါရွယ်ရောက်၊ လူလားမြောက်သည့်
  တစ်ယောက်မှာသာ၊ နှစ်နှစ်ကြာမျှ
  ဝင်ပါ ကျား/မ၊ မခွဲကြပါ
  အသက်က ကန့်သတ်၊ ရှိနေလတ်မို့
  တွေးပြတ်တုံ့ဆိုင်း၊ မထိုင်းမှိုင်းနှင့်
  လူတိုင်းမပေး၊ ခွင့်အရေးကို
  သင်တွေးဂုဏ်ယူ လိုက်စမ်းပါ။ ။
- ငါတို့တိုင်းပြည်၊ စည်းလုံးသည်ကို
  မကြည်မသာ၊ ရှိနေပါသော
  ဗာလလူမိုက်၊ ဒီတစ်သိုက်က
  တိုက်ရိုက်တစ်ခါ၊ သွယ်ဝိုက်ကာနှင့်
  ဝင်လာနှောင့်ယှက်၊ တိုင်းပြည်ဖျက်ရန်
  စွက်ဖက်လျှောက်ကာ၊ သူပြောလာသည့်
  တမာစကား၊ မယုံငြားနှင့်
  လေကြွားမီဒီယာ၊ မကြည်သာနှင့်
  ချိန်ခါတုံ့ဆိုင်း၊ မထိုင်းမှိုင်းနှင့်
  ဘေးဝိုင်းဖျက်တာ၊ မယုံပါနှင့်
  တောင်ပြော မြောက်ပြော၊ မရောနှောနှင့်
  ခုသောအခါ ဝင်ကြလာဖို့
  ကြည်သာမွေ့ချမ်း စိတ်ရွှင်လန်း
  ပြည်သူ့စစ်မှုထမ်း တို့လက်ကမ်း။ ။

**မောင်စိန်ညို(ဆိပ်ဖြူ)**

---

➤ **စာမျက်နှာ ၈ မှအဆက်**

ဆရာနှင့်ကျောင်းသား၊ မိဘနှင့်ဆရာအတူတကွ လက်တွဲညီညီ လျှောက်လှမ်းကြရမည်ဖြစ်သည်။ တန်းစဉ်အလိုက် ကူးပြောင်းအောင်မြင်ရန်၊ သင်ချင်တတ်ချင်စိတ်များရှိလာရန်၊ ကလေးများအားလုံး ကျောင်းမှန်မှန်တက်နေရန်မှာ ဆရာ၊ မိဘ၊ ကျောင်းသားအားလုံးက ကြိုးပမ်းကြရမည်ဖြစ်သည်။

လူတိုင်းပညာသင်ယူခွင့်ရှိသည်နှင့်အညီ မိဘတိုင်းက မိမိတို့၏သားသမီးတိုင်းအား အခမဲ့ပညာရေးဖြစ်သည့်အခြေခံပညာမူလတန်း၊ အလယ်တန်းအဆင့်များပြီးမြောက်အောင်သင်ယူပြီးပါက ပညာရေးနှင့် သက်မွေးပေါင်းကူးပညာရေးစနစ်ကို ဆက်လက်ရွေးချယ်နိုင်ကြသည်။ မိမိတို့ဝါသနာပါရာကို ရွေးချယ်ပြီး မိမိအခြေအနေနှင့်ကိုက်ညီသည့် ပညာရပ်များကို စနစ်တကျလေ့လာသင်ယူကြရမည်ဖြစ်သည်။ လူငယ်မောင်မယ်များအနေဖြင့် ပညာသင်ယူရရှိသည့် အခွင့်အလမ်းကို ကောင်းစွာအသုံးပြုနိုင်ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ ပညာသင်သည့်အရွယ်တွင် ပညာကိုတတ်မြောက်အောင်၊ ကျွမ်းကျင်အောင်လေ့လာသင်ယူမှတ်သားကြရမည်ဖြစ်သည်။

နိုင်ငံတော်အတွက် သားကောင်း၊ သမီးကောင်းများပေါ်ထွန်းလာစေရေးနှင့် မျိုးဆက်သစ်များ၏ အနာဂတ်ကိုပုံဖော်ရာတွင် စာသင်ကျောင်းများ၊ သင်ရိုးညွှန်းတမ်းအရည်အသွေးများ၊ ဆရာ၊ ဆရာမများ၏ ဘာသာရပ်တတ်ကျွမ်းမှုများ၊ သင်ကြားရေးကျွမ်းကျင်မှုများ၊ နာသုံးနာနှင့်ပြည့်ဝသည့် ဆရာ့ဂုဏ်နှင့် အသက်မွေးဝမ်းကျောင်းပြုသည့် အလုပ်အပေါ်ထားရှိသည့်သဘောထားများနှင့်တန်ဖိုးထားမှုများက အရေးပါနေမည်ဖြစ်သည်။ ဆရာ၊ ဆရာမတို့၏ ပြုစုပျိုးထောင်မှုကောင်းလေလေ တပည့်များ၏ အရည်အသွေးတောက်ပြောင်လာလေလေဖြစ်ပေရာ ဆရာများ၏အရေးပါမှုကို မြန်မာမှုနယ်ပယ်တွင် အနန္တောအနန္တငါးပါးတွင် တစ်ပါးအဖြစ်ထည့်သွင်းထားခြင်းဖြစ်သည်။

မိုးဦးကာလ လှပသောပတ်ဝန်းကျင်ရှုခင်းများနှင့် အတူကျောင်းသား၊ ကျောင်းသူတို့၏ကျောင်းတက်မှုမြင်ကွင်းများ၊ ကျောင်းသား၊ ကျောင်းသူတိုင်း မိမိတို့ကျောင်းသို့ မိနစ် ၃၀ စော၍ရောက်ရှိနေခြင်းများ၊ ထိုမှတစ်ဖန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုခြင်းများ၊ နိုင်ငံတော်သီချင်းသီဆိုခြင်းများ၊ စာသင်ခန်းများအတွင်း စာပေသင်ကြားနေခြင်းများ စသည့်မြင်ကွင်းများအားလုံးမှာ နိုင်ငံတော်အတွက်အလှပဆုံးမြင်ကွင်းများဖြစ်သည်။ ထိုမြင်ကွင်းများကိုကြည့်၍ ဝမ်းသာကြည်နူးရသည်။ "နိုင်ငံတိုင်းတွင်၊ ပညာရှင်များ၊ များပြားလွန်စွာ၊ ရှိနေပါမှ၊ ထူးစွာတိုးတက်၊ အစွမ်းထက်မည်၊ အခက်တွေကင်း၊ ဖွံ့ဖြိုးခြင်းတို့၊ လင်းလက်ကြယ်သွင်၊ ရှိလိမ့်မည်"ဟုတွေးမိရင်း **ရန့်သင်းမွှေးပန်းကလေးတို့၏အလှ**များ ပိုမိုလှပပါစေကြောင်း ညွှန်းဆိုရေးသားလိုက်ရပေသည်။ ။

နေပြည်တော်　ဇွန်　၁၀

# တပ်ကုန်းမြို့နယ်အတွင်းရှိ ဝါစိုက်သမဝါယမအသင်းသားတောင်သူများထံ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သွင်းအားစုများထောက်ပံ့ပေးအပ်



သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့နံနက်ပိုင်းတွင် အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ တာဝန်ရှိသူများနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကံလှကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာသို့ သွားရောက်ပြီး တံခွန်တိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများထံ စိုက်ပျိုးရေး သွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီ၊ သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူးက တပ်ကုန်းမြို့နယ်အတွင်း ဝါစိုက်ပျိုးရန် သမဝါယမအသင်းများဖွဲ့စည်းမှု၊ ပြင်ဆင်မှု၊ မျိုးနှင့်သွင်းအားစုများ ဖြည့်ဆည်းပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အသင်းသားတောင်သူများ လိုအပ်သည့် မျိုး၊ စိုက်ပျိုးရေ၊ သွင်းအားစုများရရှိရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထွက်တိုးမျိုးပြောင်းလဲစိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်နည်းစနစ်၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးအသုံးပြုရန် လမ်းညွှန်မှုများအတိုင်း တိတိကျကျလိုက်နာ ဆောင်ရွက်ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် အဆင့်မီဝါများရရှိအောင် ကြိုးပမ်းဆောင်ရွက်ကြရန်၊ လိုအပ်သည့်နေရာများတွင် ဝါကြိတ်စက်၊ ဝါစေ့ဆီစက်များထူထောင်လိုပါက ရင်းနှီးမတည်ပေးနိုင်ရေးချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဝါသီးနှံသာမက စပါး၊ မြေပဲ၊ နှမ်း၊ နေကြာ စသည့် ဆီထွက်သီးနှံများစိုက်ပျိုးမည်ဆိုပါကလည်း လိုအပ်သည့် မျိုးနှင့် သွင်းအားစုများပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တံခွန်တိုင်စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းမှ အသင်းသားတောင်သူများထံ RAKA-666 ဝါမျိုး၊ ဓာတ်မြေဩဇာများနှင့် သဘာဝမြေဩဇာများ ထောက်ပံ့ပေးအပ်ပြီး အသင်းသားတောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အသင်းသားတောင်သူများ၏ ဝါစိုက်ပျိုးထားမှုနှင့် ဆီထွက်သီးနှံများစိုက်ပျိုးထားမှုကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ဖြုတ်ခွဲကျေးရွာရှိ ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၌ ဆီစက်ရုံတိုးချဲ့တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော်　ဇွန်　၁၀

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနတို့ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေး



အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်နှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ တာဝန်ရှိသူများ၊ CPU အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) များဖွဲ့စည်းပြီး အဂတိလိုက်စားမှုများလျော့နည်းပပျောက်ရေး အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ CPU အဖွဲ့များအနေဖြင့် လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပြည်သူ့ဘဏ္ဍာဆုံးရှုံးမှုလျော့နည်းရေး၊ ဌာနဆိုင်ရာများ၏ ဝန်ဆောင်မှုများကို လူထုထံသို့ ပြည့်စုံကောင်းမွန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့်အဂတိလိုက်စားမှုများလျော့နည်းပပျောက်စေရေး လုပ်ငန်းစဉ်များကို အထူးအလေးထားစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူလျက် စုံစမ်းစစ်ဆေးရေး၊ အသိပညာပေးရေး၊ တားဆီးကာကွယ်ရေးလုပ်ငန်းများကို တစ်ပြိုင်တည်းစဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ရာတွင် အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် စုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းထွန်းက စုံစမ်းစစ်ဆေးရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပိုင်ဆိုင်မှုကြေညာလွှာစိစစ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးလင်းဝေအောင်က အဂတိလိုက်စားမှု၏ သဘောသဘာဝများနှင့်စပ်လျဉ်း၍လည်းကောင်း၊ တားဆီးကာကွယ်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်နန်းရတနာထွန်းက အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဥပဒေရေးရာဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ဖြူပွင့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးသန်းစိုးနှင့်အဖွဲ့သည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit - CPU) များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်အတွေ့အကြုံ၊ အားသာချက်၊ အားနည်းချက်၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

---

ရန်ကုန်　ဇွန်　၁၀

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)ပွဲစဉ်တွင် ရန်ကုန်ယူနိုက်တက်အသင်း နိုင်ပွဲရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်



မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇)အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့် ဧရာဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အမှတ်ပေးဇယားထိပ်ဆုံးမှ ဦးဆောင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၁၉ မိနစ်တွင် ယွန်းဝတီလှိုင်က ရန်ကုန်ယူနိုက်တက်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁ ဂိုး ဂိုးမရှိဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် ဧရာဝတီယူနိုက်တက်အသင်း၏ ပြန်လည်ဖိအားပေးမှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၇၈ မိနစ်တွင် အေးအေးထွေးက ရန်ကုန်ယူနိုက်တက်အသင်းအတွက် နောက်ထပ်ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းလုံး ဂိုးသွင်းခွင့်အချို့ရရှိခဲ့သော်လည်း အဆုံးသတ်ပိုင်းအားနည်းမှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိသည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရန်ကုန်ယူနိုက်တက်အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၇) ပွဲစဉ်များအဖြစ် ဇွန်လ ၁၁ ရက်**(ယနေ့)**ညနေ ၃ နာရီခွဲတွင် စလင်းအားကစားကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်း၊ ပဒုမ္မာအားကစားကွင်း၌ ISPE အသင်းနှင့် YREO အသင်းတို့ကစားသွားမည်ဖြစ်ကြောင်းသိရသည်။ **စည်သူအောင်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ  တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားစဉ်။

❖ လူတိုင်းသည်ကြင်နာမှုကိုလိုလားကြပြီး ကျန်းမာရေးမကောင်းသူများအနေဖြင့် ၎င်းတို့အား ကြင်နာစွာဖြင့် ဆေးဝါးကုသမှုဆောင်ရွက်ပေးသည်ကို ပိုမိုလိုလားကြ၊ သူနာပြုတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ချိန်တွင် လူနာများအပေါ် ကောင်းသည်ထက်ကောင်းအောင်ဆောင်ရွက်၍ ကြင်နာစွာဖြင့် ပြုစုစောင့်ရှောက်သွားကြစေလို. . .

❖ နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့် ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြား. . .



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ  တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ၊ စစ်သည်များ၏ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှုအခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းပေးအပ်စဉ်။

**စာမျက်နှာ ၁၇ မှအဆက်**

တိုက်တွန်းချက်၊ တားမြစ်ချက်များကို အသိ၊ သတိနှင့်ယှဉ်၍ လိုက်နာဆောင်ရွက်ကြရန်လိုကြောင်း။

တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်ကို **"ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်မည့် အမျိုးသားတပ်မတော်အတွက် လိုအပ်သောလက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးရန်"**ဟူသည့်ရည်ရွယ်ချက်ဖြင့်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ တပ်မတော်တွင် သူနာပြုများ၏အခန်းကဏ္ဍသည်အရေးကြီးကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရန်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများပပျောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ယခုထိတိုင် ကြိုးပမ်းဆောင်ရွက်နေရဆဲဖြစ်ကြောင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ကျန်းမာရေးကောင်းမွန်မှုမရှိသူများအား ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ အရကုသမှုများဆောင်ရွက်ရာတွင် ဆေးတပ်ဖွဲ့၏အခန်းကဏ္ဍသည် အရေးကြီးကြောင်း။

ဆရာဝန်များအနေဖြင့် ကုသမှုများကို ဆောင်ရွက်ကြရပြီး သူနာပြုများအနေဖြင့် ပြုစုကုသမှုများကိုဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ လူတိုင်းသည်ကြင်နာမှုကိုလိုလားကြပြီး ကျန်းမာရေးမကောင်းသူများအနေဖြင့် ၎င်းတို့အားကြင်နာစွာဖြင့် ဆေးဝါးကုသမှုဆောင်ရွက်ပေးသည်ကို ပိုမိုလိုလားကြကြောင်း၊ တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ် သင်တန်းသားများအနေဖြင့် တစ်ဖက်သားအပေါ်တွင် ကြင်နာနွေးထွေးသည့်အသိစိတ်ရှိပြီးဖြစ်ကြောင်း၊ ထိုစိတ်အခြေခံအပေါ် အတတ်ပညာများဖြင့် ပေါင်းစပ်လိုက်သည့်အခါ၌ ကြင်နာမှုသည် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် သူနာပြုတစ်ဦးအဖြစ်တာဝန်ထမ်းဆောင်ချိန်တွင် လူနာများအပေါ် ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်၍ ကြင်နာစွာဖြင့် ပြုစုစောင့်ရှောက်သွားကြစေလိုကြောင်း၊ အခြေခံအားဖြင့်ရှိပြီးသားဖြစ်သည့် ကြင်နာတတ်သည့်အသိစိတ်နှင့်သင်ကြားပေးလိုက်သည့် ဆေးအတတ်ပညာများကို ပေါင်းစပ်အသုံးချဆောင်ရွက်သွားမည်ဆိုပါက သူနာပြုကောင်းများဖြစ်လာမည်ဖြစ်ကြောင်း။

## သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ အရည်အချင်းပြည့်ဝသူများ မွေးထုတ်ပေးနိုင်ရမည်

သင်ကြားရေးပိုင်းနှင့်ပတ်သက်၍ နည်းပြနှင့် သင်တန်းသားအချိုးကို စနစ်တကျတွက်ချက်၍ ဖွင့်လှစ်သင်ကြားပေးထားခြင်းဖြစ်သဖြင့် စာပေပညာနှင့် စစ်ပညာသင်ကြားမှုများကို ဖိဖိစီးစီးဆောင်ရွက်ကြရန်လိုကြောင်း၊ လေ့ကျင့်သင်ကြားပေးနေသူနည်းပြများအနေဖြင့် သင်တန်းသားများအား လေ့ကျင့်ပေးရာတွင် အရေအတွက်ထက် အရည်အချင်းပြည့်ဝသည့် သင်တန်းသားများဖြစ်လာစေရေးနှင့် စစ်သားကောင်းဖြစ်အောင်လေ့ကျင့်ပေးရန်လိုကြောင်း၊ Guardian စနစ်ဖြင့် အဆင့်ဆင့်ကြပ်မတ်ကွပ်ကဲဆောင်ရွက်ရာတွင် သင်တန်းသားများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ စာပေပညာဆိုင်ရာများကောင်းမွန်စေရေး အနီးကပ်တစ်ဦးချင်း ကြပ်မတ်ကွပ်ကဲ လေ့ကျင့်သင်ကြားဆောင်ရွက်နိုင်ရမည်ဖြစ်ပြီး ၎င်းတို့၏ အခက်အခဲများအပေါ် မိဘသဖွယ်၊ ညီရင်းအစ်ကိုသဖွယ်သဘောထား၍ တတ်နိုင်သရွေ့ဖြေရှင်းဆောင်ရွက်ပေးရန်လိုကြောင်း၊ အရည်အချင်းပြည့်ဝသည့် နည်းပြများ၊ ဆရာ၊ ဆရာမများကို ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်သဖြင့် မိမိတို့ဖြတ်သန်းလာရသည့် ဘဝအတွေ့အကြုံ၊ တတ်ကျွမ်းထားသည့် ဘာသာရပ်များအလိုက် စာပေပညာရပ်များကို အသုံးချ၍ လေ့ကျင့်သင်ကြားပေးရန်လိုပြီး ဆေးဘက်ပညာဆိုင်ရာအရာရှိကောင်းများကို မွေးထုတ်ပေးရန်လိုကြောင်း၊ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်ကောင်းမွန်ပြီး အရည်အသွေးရှိသည့် ဆေးဘက်ဆိုင်ရာ အရာရှိကောင်းများမွေးထုတ်ပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်ဆေးတက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သည့် ဆေးဘက်ဆိုင်ရာအရာရှိများအနေဖြင့် အခြေခံအားဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးနိုင်သူများဖြစ်ပြီး မိမိတို့သင်ယူတတ်မြောက်ထားသည့် ဆေးပညာရပ်ဆိုင်ရာဘာသာရပ်အလိုက် ထူးချွန်ထက်မြက်သူများဖြစ်လာစေရေးဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တပ်မတော်ဆေးတက္ကသိုလ်အနေဖြင့် ကမ္ဘာ့နိုင်ငံများရှိ ဆေးတက္ကသိုလ်များအနက် အဆင့်တစ်ခုတွင်ရှိသည့်တက္ကသိုလ်တစ်ခုဖြစ်သဖြင့် မိမိတို့တက်ရောက်နေရသည့် တက္ကသိုလ်အတွက် ဂုဏ်ယူကြရန်လိုကြောင်း၊ ယခင်က သင်တန်းသားများကိုသာ ခေါ်ယူလေ့ကျင့်ပေးလျက်ရှိသော်လည်း လက်ရှိအချိန်တွင် အမျိုးသမီးသင်တန်းသူများကိုလည်း ခေါ်ယူလေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ဆေးပညာရပ်သည် အရေးကြီးသည့်ဘာသာရပ်ဖြစ်သဖြင့် စနစ်တကျသင်ယူလေ့လာကြရန်မှာကြားလိုကြောင်း၊ ထို့ပြင် အဆင့်မြင့်ဆေးပညာရပ်များကို သင်ယူလျက်ရှိသည့် မဟာဘွဲ့လွန်သင်တန်းသားများအနေဖြင့်လည်း မိမိတို့သင်ယူနေရသည့်ဘာသာရပ်အလိုက် အလေးထားသင်ယူလေ့လာသွားကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်က အချိန်နှင့် ငွေကြေးအရင်းအနှီးများစွာဖြင့် ပြုစုပျိုးထောင်ပေးခဲ့ရခြင်းဖြစ်သဖြင့် **စာမျက်နှာ ၁၂ သို့**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်မြို့ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးအတွင်း လှည့်လည်ကြည့်ရှုစဉ်။

စာမျက်နှာ ၁၁ မှအဆက်

သင်တန်းသားများအနေဖြင့် ကြိုးစားအားထုတ်မှုအပြည့်ဖြင့် လေ့ကျင့်သင်ကြားကြရန်လိုကြောင်း။

**မိမိကိုယ်ကိုထိန်းသိမ်းနေထိုင်၍ ဘဝတိုးတက်စေရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်**

အခြေခံပညာအထက်တန်းပညာကို မြင့်မားသောရမှတ်များဖြင့် အောင်မြင်ခဲ့သည့်အခြေခံကောင်းများကို ယခုတက္ကသိုလ်ပညာရပ်များ ဆည်းပူးရာတွင်လည်း ဆက်လက်ထိန်းသိမ်း၍ ကြိုးစားသင်ယူသွားရန်လိုအပ်သကဲ့သို့ ရှေ့ဆက်လက်လျှောက်လှမ်းရမည့် ဘဝခရီးတစ်လျှောက်တွင်လည်း မိမိတို့၏ရည်မှန်းချက်များ မပျောက်ပျက်၊ မယိမ်းယိုင်စေရေးအတွက် ရှိပြီးဖြစ်သည့် အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိဘဝတိုးတက်ရေးကို အထောက်အကူဖြစ်စေမည့် စာပေဖတ်မှတ်လေ့လာခြင်းများကို ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းကို မွေးမြူဆောင်ရွက်သွားရန်လိုကြောင်း၊ စာပေဗဟုသုတ၊ ပညာရပ်ဆိုင်ရာဗဟုသုတ၊ နိုင်ငံရေးဆိုင်ရာဗဟုသုတ စသည်ဖြင့် နယ်ပယ်အလိုက် အသိပညာ ဗဟုသုတကြွယ်ဝစေရေး စာပေဖတ်မှတ်လေ့လာနေရမည်ဖြစ်ကြောင်း။

မိမိကိုယ်ကိုထိန်းထိန်းသိမ်းသိမ်းနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများကိုလည်း မွေးမြူကြရန်လိုကြောင်း၊ ဘဝတိုးတက်လမ်းကို အထောက်အကူမဖြစ်စေနိုင်သည့် အသောက်အစားနှင့် အပျော်အပါးများကို အသိသတိဖြင့် ရှောင်ကြဉ်ကြရန်လိုကြောင်း၊ နိုင်ငံတော်နှင့် တပ်မတော်မှ အားထားရသည့်၊ ပြည်သူက အားကိုးရသည့် ကျွမ်းကျင်သည့်ဆေးဘက်ဆိုင်ရာအရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များဖြစ်လာစေရေး စဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်သွားကြရန်လိုကြောင်း၊ **ဆေးပညာရပ်နယ်ပယ်တွင် မြင့်မားသည့်ဆေးပညာရပ်များ များစွာရှိနေသည့်အတွက် နည်းပြအရာရှိများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် သင်တန်းသား ဗိုလ်လောင်းများ၊ ဆေးဘက်ဆိုင်ရာ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် ခေတ်အလိုက်ပေါ်ထွက်နေသည့် အသစ်အသစ်သော ဆေးပညာရပ်များကို မျက်ခြည်မပြတ်စေရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်**ကြောင်းဖြင့် မှာကြားပြီး လိုအပ်ချက်များကို မေးမြန်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများနှင့် အတူ နေ့လယ်စာကို အတူတကွသုံးဆောင်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များတပ်မတော်ဆေးတက္ကသိုလ်နှင့်တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တို့သို့ ရောက်ရှိနေစဉ်အတွင်း တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးနှင့် တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာတက္ကသိုလ်ကျောင်းအုပ်ကြီးတို့က ကျောင်းဌာနချုပ်ခန်းမအသီးသီး၌ လေ့ကျင့်ရေးပိုင်းဆိုင်ရာ ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တို့၏ ရည်မှန်းချက်တာဝန်များကို အကောင်အထည်ဖော်နိုင်ရေးအတွက် ကျောင်းအုပ်ကြီးများနှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာတာဝန်ရှိသူများတွင် အဓိကတာဝန်ရှိကြောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများက စည်းကမ်းစနစ်တကျရှိစေရေး၊

စာမျက်နှာ ၁၃ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ဆေးရုံတပ်မှူးက ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

စာမျက်နှာ ၁၂ မှအဆက်

စာပေဆိုင်ရာတာဝန်ရှိသူက ထူးချွန်ထက်မြက်သည့် ဆေးဘက်ဆိုင်ရာအရာရှိကောင်းများပေါ်ထွက်လာရေး၊ လေ့ကျင့်ရေးပိုင်းဆိုင်ရာတာဝန်ရှိသူများက ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်သန်စွမ်းသည့် အရာရှိကောင်းများဖြစ်ပေါ်လာရေး စသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လေ့ကျင့်ပေးကြရန်လိုကြောင်း၊ အလားတူ မဟာဘွဲ့လွန်သင်တန်းတက်ရောက်သူအရာရှိများအနေဖြင့် အခြားနိုင်ငံများနှင့် ပညာရပ်ပိုင်းဆိုင်ရာများတွင် ရင်ပေါင်တန်းနိုင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မဟာဘွဲ့လွန်သင်တန်းသားများ ပညာရည်ပြည့်ဝစေရေး၊ ကြိုးစားအားထုတ်မှုကောင်းမွန်စေရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ လိုအပ်သည့် သင်ထောက်ကူပစ္စည်းများ ပြည့်ဝစေရေးအတွက်လည်း ဖြည့်ဆည်းပေးရန်လိုကြောင်းဖြင့် မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အဖွဲ့ဝင်များလိုက်ပါလျက် ရန်ကုန်မြို့ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီးသို့သွားရောက်၍ ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သော အရာရှိ စစ်သည်များ၏ ထိခိုက်ဒဏ်ရာရရှိခဲ့မှုအခြေအနေများ၊ ရောဂါကုသပျောက်ကင်းမှု အခြေအနေများကို တစ်ဦးချင်းလိုက်လံတွေ့ဆုံ၍ ရင်းနှီးနွေးထွေးစွာမေးမြန်းပြီး အားပေးစကားပြောကြားကာ အရာရှိ၊ စစ်သည်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဆေးရုံတပ်မှူးက အစည်းအဝေးခန်းမတွင် ကျန်းမာရေးစောင့်ရှောက်မှုပေးထားသည့်အခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆေးရုံသန့်ရှင်းသာယာလှပရေးဆောင်ရွက်ရန်နှင့် ဆေးရုံအဆင့်မြှင့်တင်ဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ဆွေးနွေးမှာကြားခဲ့ကြောင်းသတင်းရရှိသည်။

(၁၀၀)

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

ရန်ကုန် ဇွန် ၁၀

## စာပေဗိမာန်စာမူဆု(၂၀၂၃) ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြိုင်ပွဲဝင်စာမူပြဋ္ဌာန်း

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်သည် ဘာသာပြန်စာပေဖွံ့ဖြိုးရေးနှင့် ဘာသာပြန်ဝါသနာရှင်များတိုးပွားရေးအတွက် စာပေဗိမာန်စာမူဆု ဘာသာပြန်စာမူပြိုင်ပွဲကို နှစ်စဉ်ဖိတ်ခေါ်ကျင်းပလျက်ရှိရာ ၂၀၂၃ ခုနှစ်အတွက် စာပေဗိမာန်စာမူဆု၊ ဘာသာပြန်စာမူပြိုင်ပွဲအတွက် ပြဋ္ဌာန်းစာအုပ်များကို စတင်ရောင်းချလျက်ရှိသည်။

၂၀၂၃ ခုနှစ်အတွက် ဘာသာပြန်ပြဋ္ဌာန်းစာအုပ်မှာ Bill Gates ရေးသားသည့် How To Prevent The Next Pandemic မှ အခန်း(၄)ခုကို ထုတ်နုတ်ပြဋ္ဌာန်းထားသည့် စာအုပ်ဖြစ်သည်။


ယင်းစာအုပ်ကို အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်အရောင်းဆိုင်၊ ဖုန်း-၀၁၈-၃၈၁၄၄၈၊ သပြေကုန်း၊ နေပြည်တော်ရှိစာပေဗိမာန်အရောင်းဆိုင် ဖုန်း- ၀၆၇-၃၄၀၄၁၆၈၊ ၈၆ လမ်း၊ ၂၁×၂၂ ကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ရှိ စာပေဗိမာန်အရောင်းဆိုင် ဖုန်း-၀၂-၄၀၃၀၁၈၆ တို့တွင် တန်ဖိုးငွေကျပ် ၁၈၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။

ပြိုင်ပွဲဝင်စာမူတင်သွင်းရာတွင် သတ်မှတ်ထားသည့် ပြိုင်ပွဲဝင်ပုံစံဖြင့် တင်သွင်းခြင်းကိုသာ လက်ခံမည်ဖြစ်ပါသည်။ ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို စာပေဗိမာန်ရုံးတွင် ငွေကျပ် ၂၀၀ ဖြင့် သော်လည်းကောင်း၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန၏ Website www.moi.gov.mm/ppd တွင် အခမဲ့သော်လည်းကောင်း ရယူနိုင်ပါသည်။ နယ်မှပြိုင်ပွဲဝင်လိုသူများသည် စာအုပ်တန်ဖိုးနှင့် စာအုပ်ပို့ခအပါအဝင် စုစုပေါင်းငွေကျပ် ၅၀၀၀ ကို ငွေပို့လွှာဖြင့် ဥက္ကဋ္ဌ၊ စာပေဆုများအုပ်ချုပ်ထောက်ပံ့မှုကော်မတီ၊ စာပေဗိမာန်ရုံး၊ အမှတ် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁၈-၃၈၁၄၄၉ သို့ လိပ်မူ၍ မှာယူနိုင်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက် နောက်ဆုံးထား၍ အထက်ဖော်ပြပါလိပ်စာသို့ပင် လိပ်မူ၍ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ဘုရားသုံးဆူ | (၅. ၀၈)လက်မ |
| ပူတာအို | (၃. ၉၈)လက်မ |
| ဟိုင်းကြီးကျွန်း | (၃. ၈၂)လက်မ |
| ကော့သောင်း | (၃. ၃၅)လက်မ |
| မိုင်းယန်း | (၃. ၁၁)လက်မ |
| ထားဝယ် | (၂. ၈၃)လက်မ |
| ရေး | (၂. ၅၆)လက်မ |
| ဝ | (၂. ၂၈)လက်မ |
| ဘီးလင်း | (၂. ၂၀)လက်မ |
| ဘားအံ | (၂. ၁၂)လက်မ |
| မိုးကောင်း | (၁. ၈၉)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၄ | ၃၄ |
| ရှမ်း(မြောက်) | ၂၂ | ၃၅ |
| ရှမ်း(အရှေ့) | ၂၀ | ၃၀ |
| ရှမ်း(တောင်) | ၁၉ | ၂၈ |
| ချင်း | ၁၇ | ၂၇ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၆ |
| စစ်ကိုင်း(အောက်) | ၂၈ | ၃၉ |
| နေပြည်တော် | ၂၄ | ၃၅ |
| မန္တလေး | ၃၀ | ၃၈ |
| မကွေး | ၂၆ | ၃၈ |
| ရခိုင် | ၂၄ | ၃၃ |
| ပဲခူး | ၂၄ | ၃၄ |
| ရန်ကုန် | ၂၅ | ၃၄ |
| ဧရာဝတီ | ၂၆ | ၃၆ |
| ကယား | ၂၀ | ၂၈ |
| ကရင် | ၂၃ | ၃၀ |
| မွန် | ၂၃ | ၂၉ |
| တနင်္သာရီ | ၂၂ | ၂၉ |

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄° C | / | ၃၃.၆ ° C |
| ရန်ကုန် | ၂၅° C | / | ၃၄.၀° C |
| မန္တလေး | ၃၀° C | / | ၃၈.၈° C |

လျှပ်စစ်မီးကိုချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

စာမျက်နှာ ၁၅ မှအဆက်

ပေါင်းစုံဖြင့် ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ တိုင်းဒေသကြီးအတွင်း ခရိုင်အလိုက်၊ မြို့နယ်အလိုက်၊ ရပ်ကွက်၊ ကျေးရွာများအလိုက် တာဝန်ရှိသူများက ဝိုင်းဝန်းကြပ်မတ်ဆောင်ရွက်ပေးရန်လည်း လိုအပ်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းက ရန်ကုန်တိုင်းဒေသကြီးအတွင်း နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးနှင့်လုံခြုံရေးဆောင်ရွက်ထားရှိမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် သက်သာချောင်ချိရေးလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိမှု၊ တပ်နယ်များအလိုက် ရပ်ကွက်၊ ကျေးရွာများတွင်သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုများတိုးတက်ကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိမှု၊ ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးမွေးမြူရေးဇုန်များ၌ လုပ်ငန်းများဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

၎င်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးက တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးဆိုင်ရာများနှင့်ပတ်သက်၍ ဂရုပြုဆောင်ရွက်ရန်လိုအပ်မှု၊ စစ်ဆေးရေးဂိတ်များစနစ်တကျဖြစ်ရန်လိုအပ်မှု၊ ရွှေဈေးနှင့် နိုင်ငံခြားငွေဈေးနှုန်းများတည်ငြိမ်မှုရှိစေရေး ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မှု၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုအပ်မှု၊ တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် လှုံ့ဆော်သူများမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်း တိုက်တွန်းချက်၊ နှိုးဆော်ချက်များကို ပြည်သူများသိရှိစေရေး သတင်းမီဒီယာများမှတစ်ဆင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ စနစ်တကျရှိစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ပြည်သူများ၏စားရေးကိုအထောက်အကူပြုစေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရန်ခွင့်ပြုပေးထားသည့်မြေများကို စနစ်တကျအသုံးပြုရန်လိုကြောင်း၊ ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာမြို့နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့နယ်အလိုက် ခရိုင်အလိုက် ခြံဝင်းရှိသည့်အိမ်များအားလုံးတွင် သစ်ပင်များစိုက်ပျိုးစေရေးနှင့် အန္တရာယ်ရှိသည့် သစ်ပင်သစ်ကိုင်းများကိုလည်း စည်ပင်သာယာဦးစီးဌာနမှ စနစ်တကျခုတ်ထွင်ပေးခြင်းများကို ဆောင်ရွက်ပေးရန်လိုကြောင်း၊ သစ်ပင်မရှိသည့်နေရာများတွင် သစ်ပင်များစိုက်ပျိုးစေရေး သစ်ပင်များစိမ်းလန်းစိုပြည်နေစေရေးအတွက် ပြည်သူလူထုမှသိရှိရန်နှင့် ပြည်သူလူထုမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(၁၀၀)

## ♫♫ သင်ငြ(FM) အသံလွှင့်အစီအစဉ် ♫♫

၁၁–၆–၂၀၂၄(အင်္ဂါနေ့)

၁။ ၀၆း၃၀ ခံစားနားဆင် မြန်မာသံစဉ်
၂။ ၀၉း၀၀ အယ်ဒီတာ့အာဘော်
၃။ ၁၁း၅၀ လှပကျန်းမာ
၄။ ၁၅း၃၀ Opposite Song
၅။ ၁၇း၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ
၆။ ၁၈း၂၀ Online Request Song

ညောင်ရွှေ ဇွန် ၁၀

## သုံးထပ်ကျောင်းဆောင်သစ်ဖွင့်လှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် နန်းပန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း အင်းပေါခုံ၌ ဇွန်လ ၉ ရက် နံနက်ပိုင်းတွင်(RCC)သုံးထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများက ကျောင်းအဆောက်အအုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခြေခံပညာအထက်တန်းကျောင်း အင်းပေါခုံမှ ဗဟိုအဆင့် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူလေးများက အဆို အတီးဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ကျောင်းအတွက် အားကစားပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်ကြည်က လက်ခံရယူခဲ့သည်။

၎င်းနောက် လျှံထူးအောင်ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ကျောင်းသုံးစာသင်ခုံ အလုံး ၁၀၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် အလှူရှင်များက ကျောင်းအတွက် အလှူငွေများ အသီးသီးပေးအပ်လှူဒါန်းကြကြောင်း သိရသည်။

(၄၀၅)

၁၀–၆–၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | |
|---|---|---|
| ညောင်ဦး | ၄၁ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ချောက် | ၄၀ ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၀ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| ပခုက္ကူ | ၄၀ ဒသမ ၀ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၃၉ ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၉ ဒသမ ၈ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၉ ဒသမ ၄ | ဒီဂရီဆဲလ်စီးယက် |

ရန်ကုန် ဇွန် ၁၀

## ကမ္ဘာ့ဖလားခြေစစ်ပွဲ နောက်ဆုံးပွဲအဖြစ် မြောက်ကိုရီးယားနှင့် မြန်မာ ယနေ့ကစားမည်

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုနောက်ဆုံးပွဲများကို ဇွန်လ ၁၁ ရက်**(ယနေ့)**တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မြောက်ကိုရီးယားအသင်းနှင့် ကြားကွင်းယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

မြောက်ကိုရီးယားအသင်းနှင့် မြန်မာအသင်းတို့သည် ဇွန်လ ၁၁ ရက်**(ယနေ့)** မြန်မာစံတော်ချိန် ည ၇ နာရီခွဲတွင် လာအိုနိုင်ငံဗီယန်ကျင်းမြို့ရှိ New Loas National ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အုပ်စု(B)တွင် နောက်ဆုံးပွဲ နှစ်ပွဲစလုံးမှာ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်ရှိနေသဖြင့် အဆုံးအဖြတ်ပွဲများဖြစ်နေသည်။ အုပ်စုပွဲစဉ်(၅)အပြီးတွင် အာရှထိပ်သီးဂျပန်အသင်းက ရမှတ် ၁၅ မှတ်ဖြင့် နောက်တစ်ဆင့်တက်ရောက်သွားပြီဖြစ်ပြီး ဆီးရီးယားအသင်းက ခုနစ်မှတ်၊ မြောက်ကိုရီးယားအသင်းက ခြောက်မှတ်၊ မြန်မာအသင်းက တစ်မှတ် ရရှိထားသည်။

ကမ္ဘာ့ဖလားတတိယအဆင့်ခြေစစ်ပွဲ တက်ရောက်ခွင့်တစ်နေရာအတွက် ဆီးရီးယားအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ မျှော်လင့်ချက်ရှိနေပြီး ဆီးရီးယားအသင်းမှာမူ ဂျပန်အသင်းနှင့် အဝေးကွင်းကစားရမည်ဖြစ်သောကြောင့် အခွင့်အရေးနည်းနေသည်။ မြန်မာအသင်းနှင့် ကစားရမည့် မြောက်ကိုရီးယားအသင်းမှာမူ အနိုင်ကစားနိုင်ရုံဖြင့် ကမ္ဘာ့ဖလားတတိယအဆင့်ခြေစစ်ပွဲတက်ရောက်ခွင့်ရှိနေခြင်းဖြစ်သည်။

မြောက်ကိုရီးယားအသင်းသည် အိမ်ကွင်းနှစ်ပွဲကို မြောက်ကိုရီးယားနိုင်ငံ၌ လက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် ကြားကွင်းဖြစ်သည့် လာအိုနိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။ မြောက်ကိုရီးယားအသင်းသည် မြန်မာအသင်းကို ပထမအကျော့တွင် ၆ ဂိုး ၁ ဂိုးဖြင့်အနိုင်ရထားသည်။

အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲအုပ်စုနောက်ဆုံးပွဲများကို ဇွန်လ ၁၁ ရက်**(ယနေ့)**တွင်ကျင်းပမည်ဖြစ်ပြီး ကမ္ဘာ့ဖလားတတိယအဆင့် ခြေစစ်ပွဲတက်ရောက်ခွင့်ရမည့် ငါးသင်းထွက်ပေါ်ရန်ကျန်ရှိနေသည်။

**ကိုညီလေး**

နေပြည်တော် ဇွန် ၁၀

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲပြုလုပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲများကို ယနေ့ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ်အသီးသီးရှိ အားကစားကွင်းများ၌ ပြုလုပ်ရာ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးများနှင့် တာဝန်ရှိသူများက အဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၉ သင်းစီဖြင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၀

# ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးတွင် အဖွင့်အမှာစကားပြောကြားစဉ်။

❖ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများ၏ အငွေ့အသက်များကင်းစင်အောင်ဆောင်ရွက်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေချိန်တွင် လုံခြုံမှုနှင့်တည်ငြိမ်မှုရှိရန်လို...

❖ ပြည်သူများ၏စားရေးကို အထောက်အကူပြုစေရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရန် ခွင့်ပြုပေးထားသည့်မြေများကို စနစ်တကျအသုံးပြုရန်လို...

❖ ရန်ကုန်မြို့တော်အတွင်း သန့်ရှင်းသာယာလှပရေး၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာမြို့နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်...

ရန်ကုန်တိုင်းဒေသကြီးတည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကုန်းမြင့်သာရှိ အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးညီစော၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသ





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ရန်ကုန်တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိမှု၊ လမ်းပန်းဆက်သွယ်မှုများ တိုးတက်ကောင်းမွန်စေရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

ကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် အစောပိုင်းကာလများ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ပြီး ထိုမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်ဖျက်ဆီးမှုများအထိ ဖြစ်ပေါ်လာခဲ့သဖြင့် အချို့သောမြို့နယ်များကို စစ်အုပ်ချုပ်ရေးကြေညာ၍ ထိန်းထိန်းသိမ်းသိမ်းဖြင့်ဆောင်ရွက်ခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ အချို့သောဒေသများ၌ အကြမ်းဖက်မှုများဖြစ်ပေါ်နေဆဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မည်သည့်နေရာ၌မဆို လွတ်လပ်စွာဖြင့် သွားလာ၍ရသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သို့သော်လည်း အကြမ်းဖက်သမားများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အလစ်အငိုက်ကိုရယူ၍ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ရန်ကြံစည်ဆောင်ရွက်လျက်ရှိသဖြင့် တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် အမြဲမပြတ်စောင့်ကြည့်နေရမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သမားများ၏ အငွေ့အသက်များကင်းစင်အောင် မိမိတို့အနေဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို တိုင်းစစ်ဌာနချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရန်ကုန်တိုင်းဒေသကြီးအတွင်း တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေချိန်တွင် လုံခြုံမှုနှင့်တည်ငြိမ်မှုရှိရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ခေတ်အဆက်ဆက် ပညာရေးနှင့်စီးပွားရေးဆိုင်ရာ အားနည်းချက်များရှိခဲ့ကြောင်း၊ အဆိုပါအားနည်းချက်များကြောင့် တရားဥပဒေစိုးမိုးမှုကို ထိခိုက်ခဲ့ရကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်သည် လုံခြုံရေးနှင့်ပတ်သက်၍ အားနည်းချက်များရှိနေဆဲဖြစ်ကြောင်း၊ ရာဇဝတ်မှုများဖြစ်ပေါ်နေဆဲဖြစ်ကြောင်း၊ အသိပညာဗဟုသုတအားနည်းသူများအနေဖြင့် ကောင်းမှုနှင့်မကောင်းမှုကို ဆင်ခြင်ဆုံးဖြတ်နိုင်စွမ်းအားနည်းပြီး မကောင်းမှုဒုစရိုက်များကို ကျူးလွန်နိုင်ခြေမြင့်မားသဖြင့် အသိပညာနှင့် ဆင်ခြင်တုံတရားများရရှိရေးအတွက် တိုက်တွန်းနှိုးဆော်ချက်များဆောင်ရွက်ခြင်း၊ လှုံ့ဆော်ပညာပေးမှုဆောင်ရွက်ခြင်း၊ သတင်းများထုတ်ပြန်ပေးခြင်းအပါအဝင် အခြားနည်းလမ်း

**စာမျက်နှာ ၁၄ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်၌ ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တပ်မတော်ဆေးတက္ကသိုလ် ခေတ္တကျောင်းအုပ်ကြီးက လေ့ကျင့်ရေးပိုင်းဆိုင်ရာဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာကိုအတူတကွသုံးဆောင်စဉ်။

❖ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန်လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့်တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဖြစ်. . .

❖ တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကိုထမ်းဆောင်ရန်ဖြစ်သော်လည်း မိမိတို့နိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသည့် ပြည်တွင်းလက်နက်ကိုင်သောင်းကျန်းမှုများ ပပျောက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ယခုထိတိုင် ကြိုးပမ်းဆောင်ရွက်နေရဆဲဖြစ်၊ နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတာဝန်များထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိသူများနှင့် ကျန်းမာရေးကောင်းမွန်မှုမရှိသူများအား ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာအရ ကုသမှုများဆောင်ရွက်ရာတွင် ဆေးတပ်ဖွဲ့၏အခန်းကဏ္ဍသည်အရေးကြီး. . .

❖ **ဆေးပညာရပ်နယ်ပယ်တွင် မြင့်မားသည့်ဆေးပညာရပ်များ များစွာရှိနေသည့်အတွက် နည်းပြအရာရှိများ၊ ဘွဲ့လွန်သင်တန်းသားများနှင့် သင်တန်းသားဗိုလ်လောင်းများ၊ ဆေးဘက်ဆိုင်ရာသင်တန်းသား၊ သင်တန်းသူများအနေဖြင့် ခေတ်အလိုက်ပေါ်ထွက်နေသည့် အသစ်အသစ်သော ဆေးပညာရပ်များကို မျက်ခြည်မပြတ်စေရေး စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်. . .**

**ကျောဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီး ထွန်းအောင်၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

**ကျွမ်းကျင်သည့်ဆေးဘက်ဆိုင်ရာအရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ပညာသည်များ မွေးထုတ်ပေးနိုင်ရေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်ဆေးတက္ကသိုလ်ကို **“တပ်မတော် (ကြည်း၊ ရေ၊ လေ)အတွက်လိုအပ်သော လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဆေးသိပ္ပံပညာရှင်အရာရှိများမွေးထုတ်ပေးရန်”** ဟူသည့် ရည်ရွယ်ချက်ဖြင့် တည်ထောင်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသားဗိုလ်လောင်းများမှ ဆေးဘက်ပညာဆိုင်ရာအရာရှိငယ်များကို မွေးထုတ်ပေးခြင်းရှိသကဲ့သို့ ၎င်းအရာရှိများမှတစ်ဆင့် တပ်မတော်ဆေးဘက်ဆိုင်ရာ အရာရှိကြီးများကို အဆင့်ဆင့်မွေးထုတ်ပေးလျက်ရှိကြောင်း၊ အခြေခံအားဖြင့် သင်တန်းသားဗိုလ်လောင်းဘဝကတည်းက လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသည့် ဗိုလ်လောင်းများဖြစ်အောင် လေ့ကျင့်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် ရှိသင့်ရှိထိုက်သည့် ကိုယ်ခန္ဓာအချိုးအစား၊ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ကြံ့ခိုင်သန်စွမ်းမှုများရှိရမည်ဖြစ်ကြောင်း၊ ဗိုလ်လောင်းများအနေဖြင့် နေ့စဉ်လေ့ကျင့်ရေးပိုင်းဆိုင်ရာများ၊ စာပေပညာရပ်ဆိုင်ရာများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရသည်ဖြစ်သဖြင့် အာဟာရပြည့်ပြည့်ဝဝစားသုံးမှသာ ကိုယ်ခံစွမ်းအားကောင်းမွန်စွာဖြင့် လိုက်ပါလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် သင်တန်းသားများအတွက် စနစ်တကျတွက်ချက်ပြီး ကျွေးမွေးလျက်ရှိသည့်ရိက္ခာများကို ပြည့်ဝစွာစားသောက်ကြရန်လိုကြောင်း။

နိုင်ငံတော်နှင့်တပ်မတော်အတွက် လိုအပ်ချက်ရှိသည့်အတွက် တပ်မတော်ဆေးတက္ကသိုလ်ကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်သည့်အတွက် သက်ဆိုင်ရာဘာသာရပ်အလိုက် ကျွမ်းကျင်သည့်ဆေးဘက်ဆိုင်ရာအရာရှိကောင်းများဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဆေးဘက်ဆိုင်ရာပညာရပ်များသာမက စစ်ပညာကိုလည်း သင်ကြားပေးလျက်ရှိသဖြင့် ခန္ဓာကိုယ်ကြံ့ခိုင်သန်စွမ်းမှုမှစ၍ စစ်အတတ်ပညာကိုလည်း ကျွမ်းကျင်တတ်မြောက်စေရေး သင်ကြားပေးသည်မှန်သမျှကို စနစ်တကျ လေ့ကျင့်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးသည့် စာပေပညာ၊ စစ်ပညာတို့ကို မှန်မှန်ကန်ကန်လိုက်နာဆောင်ရွက်မှသာလျှင် သင်တန်းဆင်းပြီးနောက်ပိုင်း လက်တွေ့တာဝန်ထမ်းဆောင်ရာ၌ မိမိတာဝန်ယူထားသည့် တာဝန်များကို အောင်မြင်စွာထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် စစ်စည်းကမ်းသည် တပ်မတော်၏ ကျောရိုးဖြစ်သဖြင့် စည်းကမ်းစနစ်တကျဖြင့် နေထိုင်သွားလာတတ်သည့် လူနေမှုပုံစံဖြစ်ရန်လိုကြောင်း၊ **စာမျက်နှာ ၁၁ သို့**







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်ဆေးတက္ကသိုလ်မှ ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW June 10

# Strive to produce good medical officers, nurses, paramedics and pharmacists with physical and intellectual prowess, reliable for country, Tatmadaw and people





Senior General Min Aung Hlaing meets the commandant, senior instructor officers, senior lecturers, faculty members, assigned officers, students of master's degree courses, cadets, and trainees of Defence Services Medical Academy.

Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing held separate meetings with the commandants, senior instructor officers, senior lecturers, faculty members, assigned officers, students of master's degree courses, cadets, and trainees of Defence Services Medical Academy and Military Institute of Nursing and Paramedical Sciences at the convocation halls of the respective universities this afternoon.

Present at the meetings together with the Senior General were Commander-in-Chief (Navy) Vice-Admiral Zwe Win Myint, Commander-in-Chief (Air) General Tun Aung, union level officials, senior military officers from the Office of the Commander-in-Chief, and the Yangon Command commander.

**Production of good medical officers, nurses, paramedics and pharmacists**

In his address, the Senior General said DSMA was set up with the aim: **to produce medical scientists with physical and intellectual prowess.** It is turning cadets into junior medical officers and then develops them into senior medical officers through different stages. Basically, cadets must be trained to become the ones imbued with physical and intellectual prowess. Cadets must have the necessary body measurements, fitness and strength. Cadets need nutritious food to have enough endurance and energy for their physical training, and constant studies. They must take food in accord with the set nutritious level.

As the DSMA was set up to fulfill the needs of the country and Tatmadaw, cadets must try to be good medical officers skilled in every subject. In addition to medical subjects, DSMA is also providing cadets with military science. So, cadets must systematically undergo training sessions to be skilled in military science and fit and strong. Only if they study their academic subjects and military science through correct means, will they be able to serve their duties well. They must nurture the habit of observing the rules as discipline is the backbone of Tatmadaw. They must follow the dos and don'ts with awareness.

DSINPS was set up with the aim: **production of nurses, paramedics and pharmacists with physical and intellectual power for the Tatmadaw that will safeguard Our Three Main National Causes.** The role of nurses is important in the Tatmadaw. Tatmadaw's duty is to defend the country. But the country is still on a mission to achieve perpetual peace and end internal armed strife that broke out soon after the country regained independence. The role of the medical corps is vital in providing physical and mental treatment for the persons who suffer wounds while serving national defence duty and the persons with ill health.

Doctors provide medical treatment and nurses, medical care. Everyone loves kindness and people with ill health want medical treatment that comes together with kindness. Trainees of DSINPS already have the habit of showing kindness towards others. Based on this habit they must strengthen their spirit of kindness with their knowledge. A nurse must take care of their patients with kindness to ensure a quick recovery. They will become good nurses if they reinforce their habit of kinds with the



Senior General Min Aung Hlaing chats with trainees at lunch.



Senior General Min Aung Hlaing has lunch with trainees.

See Page - 19▶▶

►► From Page - 18

medical knowledge.

**Teaching sector must generate skilled persons**

The teaching sector must conduct academic science and military science classes in all seriousness as a proper ratio between instructors and trainees was reached through careful calculations. Instructors must concentrate more on generating qualified soldiers, rather than quality. In practicing stage-by-stage supervisory procedure through the guardianship system, instructors must conduct close individual training to improve the morale, discipline and knowledge of the trainees and solve their problems to the most possible degree through parental and brethren spirit. As only the professionals are appointed as instructors and faculty members, they must disseminate knowledge based on their experience throughout the life and subject-wise proficiency to bring about good medical officers. They must work earnestly to generate good medical officers who are fit and qualified. Basically, alumni of DSMA are able to provide healthcare, but they must continue their studies till they become outstanding in specific fields.



Senior General Min Aung Hlaing meets the commandant, senior instructor officers, senior lecturers, faculty members, assigned officers, students of master's degree courses, cadets, and trainees of the DSINPS.

As the Defence Services Medical Academy is one of the standard medical universities in the world, trainees are required to be proud of their alma mater. Previously, only male trainees are admitted to the academy but female trainees are also allowed to undergo training at the academy at present. As medical science is an important discipline, cadets are urged to study it systematically. Moreover, trainees who are studying for their master's degrees are required to take their respective advanced medical science branches seriously. As the government and the Tatmadaw have nurtured the trainees by investing time and large sums of money, trainees are required to exert efforts.



Senior General Min Aung Hlaing comforts a patient at Defence Services Orthopedic Hospital.

**Consistent efforts must be made for development of lives by exercising self-restraints**

It is necessary for trainees to continue to exert efforts to study academic disciplines by preserving the sound foundations of getting high marks in basic education high schools and goals of life journey in the future without deviation. The fine habit of reading books that will contribute to the progress of life must be cultivated. Books must be read to enrich knowledge in various fields including literary, academic and political ones.

The fine habit of exercising self-restraints must be cultivated. Drinking and seeking pleasure that will not contribute to progress of life must be avoided out of conscientiousness. Consistent efforts must be made to become good medical officers, nurses, pharmacists, medical technicians whom the country, the Tatmadaw and the people can rely upon. **As there are various advanced branches of medical science, instructor officers, post-graduate trainees, cadets, medical trainees are urged to exert efforts consistently to study new fields in medical science that emerge from time to time.** Then, the Senior General sought information about and attended to the needs.

Then, the Senior General and party enjoyed the luncheon together with cadets from the DSMA.

During the visits to the DSMA and the Defence Services Institute of Nursing and Paramedical Science by the Senior General and party, the acting commandant of the DSMA and the commandant of the DSINPS reported to the Senior General on implementation of training programs at the respective hall of their headquarters.

After hearing the reports, the Senior General said the commandants of admin officers are mainly responsible for accomplishment missions of the DSMA and the DSINPS. It is necessary for all to perform duties in respective sectors and admin officers are required to take disciplinary measures while those who are responsible for academic matters are required to nurture good medical officers and it is necessary for those who are responsible for training to cultivate physically and mentally fit officers. Similarly, officers who are studying for master's courses are required to keep abreast of their counterparts in other countries in terms of academic disciplines. Therefore, measures for trainees who are studying for their master's degrees must be taken so that they can meet their qualifications and exert efforts while sufficient teaching aids are provided.



Senior General Min Aung Hlaing chats with trainees at lunch.

This morning, the Senior General and party visited the Defence Services Orthopaedic Hospital and inspected treatments for and recovery of officers and other ranks who were injured while performing national defence and security duties. The Senior General also asked about their health one by one warmly and spoke words of encouragement while attending to their needs.

Then, the Senior General and party inspected the hospital and gave necessary instructions on reports of officers.

Afterward, the Senior General heard reports on healthcare services and operations of the hospital presented by the commandant of the hospital at the meeting hall of the hospital. After hearing the reports, the Senior General discussed measures for the cleanliness and pleasantness of the hospital and its upgrading tasks.

100

NAY PYI TAW June 10

# Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivers speech at meeting on peace and stability and development of Yangon Region



Senior General Min Aung Hlaing addresses the meeting on peace and stability and development of Yangon Region.

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing delivered a speech at the meeting on peace and stability and development of Yangon Region at the meeting hall of Konmyinttha in Yangon Region this afternoon.

Also present at the meeting were Council members Admiral Tin Aung San and Lt-Gen Nyo Saw, Union ministers, the Yangon Region Chief Minister, highranking military officers from the Office of the Commander-in-Chief, the commander of Yangon command, Yangon Mayor, ministers of the regional government, senior military officers and departmental officials.

First, the Senior General delivered a speech, saying that the unrests occurred in Yangon Region in the early time when the State Administration Council served the State responsibilities. And then, the unrests changed to armed violence and destructions. Hence, some townships were under control of the martial law. At present, terror acts happen in some areas of the nation, but people can freely go anywhere in Yangon Region. As terrorists attempt to commit terror acts taking a chance in unguarded moment of security forces, individuals have always to monitor movements of terrorists with security awareness and knowledge for ensuring peace and stability. Senior General Min Aung Hlaing stressed the need to wipe out terrorists in Yangon Region. The military command and regional government to coordinate measures to be taken for peace and stability and development in Yangon Region.

The Senior General continued that it is necessary to continue forging peace and stability in Yangon Region. The Senior General stressed the need to sustain security and stability at a time when democratic route is being initiated. Weak education and economic sectors have been harming rule of law in the country in successive eras. A half of population is weak in security knowledge. So, crimes happen. Those who lack knowledge to analyze good and bad things can commit crimes possibly, so it is necessary to raise knowledge and critical thinking of the people through release of true information in various ways and means. Officials need to supervise all measures of security in districts, townships, wards and villages in Yangon Region.

Commander of Yangon Region Maj-Gen Zaw Hein reported on efforts to take peace, stability and security measures in the region, welfare for security forces and beautification tasks in relevant wards and villages of military stations.

Yangon Region Chief Minister U Soe Thein presented development undertakings in Yangon Region, endeavours for betterment of road transport, beautifying Yangon City, and operation of agriculture and livestock zones.

Council Joint-Secretary Lt-Gen Ye Win Oo explained necessary to take care of peace and stability as well as security measures in the region, systematic functions of checkpoints, requirement of stabilizing prices of gold and foreign currencies, systematic eradication of narcotic drugs, and preventive activities against those who undermine peace and stability.

In conclusion, the Senior General said that stipulations must be done for the people in region through media. It is necessary to systematically manage traffic rules. Allocated lands must be utilized for agriculture and livestock farms in order to contribute to food supply for the people. Supervision must be done for proper flow of water and beautification tasks in relevant townships of Yangon city. The Senior General stressed the need to grow trees in all residences in townships and districts where the Development Department need to cut off dangerous branches of trees. It is necessary to urge people to grow trees in vacant lands for greening the environs and people and authorities need to join hands with each other to ensure peace and stability in Yangon Region. **100**

---

●● **From Page - 21**

at affordable prices.

He emphasized the need to produce and sell garments in various colours and popular designs that are appealing in the market. Additionally, items needed for the hotel industry and personal use should be produced with high quality to meet market demand. Research activities should be carried out to ensure the success and development of these operations. Since textile and garment factories are highly beneficial to the country, they must produce enough to meet national needs, allowing citizens to use garments at affordable prices. Proper planning and consideration should be given to ensure this. He then viewed the textile products displayed in the factory.

Afterwards, the Senior General, along with his entourage, inspected the production stages of textiles and garments within the factory. They reviewed the current conditions and addressed necessary adjustments based on the presentations from the factory manager and responsible personnel. Cash rewards were also distributed to the factory staff.

The Tatmadaw Textile and Garment Factory (Thamaing) is known for producing high-quality items such as brown textile, tetron brown fabrics, brown undershirts, brown scarves, robes, various coloured tetron fabrics, colored undershirts, colored scarves, various types of T-shirts, sport shirts, nylon mosquito nets, medicinal gauze, and colored bed sheets. These products are made to meet the needs of the military and domestic market demands at affordable prices.

**100**

NAY PYI TAW June 10

# Chairman of State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing visits Tatmadaw Textile and Garment Factory (Thamaing)

Chairman of the State Administration Council Commander-in-Chief of Defence Services Senior General Min Aung Hlaing, accompanied by his entourage members, the Yangon Command Commander and members, visited the Tatmadaw Textile and Garment Factory (Thamaing) located in Hlaing Township, Yangon Region, Ward (12), this morning to inspect it.

First, the Senior General was briefed by Quartermaster General Lt-Gen Kyaw Swar Lin in the factory's conference hall about the current status of the Tatmadaw's cotton cultivation activities, the implementation of the directives given during previous inspections by the Senior General, and the progress of the cultivation plans according to the season. Factory Manager U Khaing Shwe also provided an update on the implementation of the directives given by the Senior General, an overview of the factory's history, current operational status, staff assignments, and measures being taken for the well-being of the employees.



Senior General Min Aung Hlaing views garments and textile products.

Regarding the briefings, the Senior General emphasized the importance of conducting soil quality tests and research activities to ensure the success and productivity of cotton cultivation. He stated that proper land preparation should be done according to soil types, necessary nutrients should be fully provided, and adequate irrigation should be ensured. He also mentioned the need to study and achieve expected yield rates based on soil types. The Tatmadaw should strive to set a good example in cotton cultivation and aim to produce A-grade cotton. Instead of cultivating multiple varieties, the focus should be on cultivating a single variety to produce high-quality cotton. Since good quality garments and textiles depend on high-quality cotton, it is essential to produce high-quality cotton. The Tatmadaw Textile and Garment Factory (Thamaing) is responsible for producing necessary garments and textile items for the Tatmadaw. To reduce the dependency on imported textiles, the domestic textile and garment factories need to produce sufficient quantities. Basic clothing items like t-shirts and undershirts, which are used daily, should be produced locally in sufficient quantities and sold

See Page - 20




Senior General Min Aung Hlaing goes round in the Tatmadaw Textile and Garment Factory (Thamaing).



Senior General Min Aung Hlaing views production process.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

နေပြည်တော် ဇွန် ၁၀

# အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ယူအေအီး)သံအမတ်ကြီးနှင့် သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးတို့အား ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီးခြားစီလက်ခံတွေ့ဆုံ





ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ယူအေအီး)သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် မစ္စတာမူတာ့ဇ် အဗ္ဗဒူလာ အဗ္ဗဒူလ်ဂျာလဲလ် မိုဟာမက် အယ်လ်ဖာဟင်းမ်အား ယနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သည့် မစ္စစ်ပွန်နမ်ပီရူးမားအာရာချ်ချီဂီပရာဘာရှိနီ ပွန်နမ်ပီရူးမားအား ၁၁ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ပြည်ထောင်စုဝန်ကြီးသည် အာရပ်စော်ဘွားများပြည်ထောင်စုနိုင်ငံ(ယူအေအီး) သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် သံအမတ်ကြီးအား ပထမဦးဆုံး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ယူအေအီးနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-ယူအေအီး နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အလားတူ သီရိလင်္ကာ ဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်တွေ့ဆုံစဉ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်းပြောကြားခဲ့ပြီး မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့်အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး၊ မြန်မာနိုင်ငံရောက်သီရိလင်္ကာနိုင်ငံသားများအတွက် ကောင်စစ်ဆိုင်ရာ အကူအညီပေးနိုင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။ **(သတင်းစဉ်)**




ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ပဲခူးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

နေပြည်တော် ဇွန် ၁၀

# ပဲခူးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်

ပဲခူးတိုင်းဒေသကြီးအတွင်း လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ်၊ အားကစားခန်းမ၌ ပြုလုပ်ရာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများ အသီးသီးပြောကြားကြသည်။ ထို့နောက် တောင်ငူမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်တို့အတွင်း လက်နက်/ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ အသီးသီး ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဖမ်းဆီးရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နေပြည်တော် ဇွန် ၁၀

# မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်မှ ဖြတ်သန်းသွားလာမည့် ဒေသခံပြည်သူများအတွက် e-ID စနစ်ဖြင့် Biometric ကောက်ယူ၍ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်း တာချီလိတ်၌ဆောင်ရွက်ပေး

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန တာချီလိတ်ခရိုင်ဦးစီးမှူးရုံး ခရိုင်ဦးစီးမှူး ဦးမင်းနိုင်ဦးနှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တာချီလိတ်မြို့ မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)အနီးရှိ တာချီလိတ်ခရိုင်ဦးစီးမှူးရုံးဝင်းအတွင်း၌ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝန်ထမ်းများက မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဖြတ်သန်းသွားလာမည့် ဒေသခံပြည်သူများအား e-ID စနစ်ဖြင့် Biographic၊ Biometric ကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုပြီး လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းလုပ်ငန်းစဉ်ကို ၂၀၂၄ ခုနှစ် ဧပြီလ ၁၉ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိပြီး ယခုအချိန်ထိ ဒေသခံပြည်သူ ၂၆၀၀၀ ကျော်ကို Unique ID နံပါတ်ထုတ်ပေးဆောင်ရွက်ပြီးဖြစ်ကြောင်းနှင့် လုပ်ငန်းများစဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



မော်စကို၊ စစ်ရေး

# ရုရှားကိုတိုက်ခိုက်မည့် လေယာဉ်များထားရာ လေယာဉ်ကွင်းများအားလုံး တရားဝင်ပစ်မှတ်ဖြစ်မည်



ရုရှားကိုတိုက်ခိုက်ရာတွင် ယူကရိန်းဘက်မှပါဝင်တိုက်ခိုက်ပေးမည့် လေယာဉ်များထားရာ လေယာဉ်ကွင်းများအားလုံးသည် ရုရှားစစ်ဘက်၏တရားဝင်ပစ်မှတ်များဖြစ်မည်ဖြစ်ကြောင်း ရုရှားလွှတ်တော်အမတ်တစ်ဦးက ဇွန်လ ၁၀ ရက်တွင် သတိပေးသည်။

ယူကရိန်းနိုင်ငံက အနောက်အုပ်စုမှနေ၍ အမေရိကန်နိုင်ငံထုတ် F-16 တိုက်လေယာဉ် ပထမအသုတ်ကိုလက်ခံရယူရန် ပြင်ဆင်နေစဉ် ရုရှားဒူးမားလွှတ်တော်ကာကွယ်ရေးကော်မတီဥက္ကဋ္ဌ အန်ဒရေကာတာပိုလော့က သတိပေးလာခြင်းဖြစ်သည်။

အကယ်၍ F-16 တိုက်လေယာဉ်များကို ၎င်းတို့၏မူလရည်ရွယ်ချက်အတိုင်း အသုံးပြုခြင်းမရှိပါက သို့မဟုတ် ယူကရိန်းသို့ပေးပို့နိုင်ရေးအတွက် ထိန်းသိမ်းထားပါက ထိုတိုက်လေယာဉ်ထောက်ပံ့ပေးသည့် နိုင်ငံများသည် ပစ်မှတ်ထားခံရမည်မဟုတ်ကြောင်း ၎င်းကဆက်ပြောသည်။

သို့သော် ထိုတိုက်လေယာဉ်များသည် ယူကရိန်းမဟုတ်သည့် ပြည်ပနိုင်ငံများရှိ လေယာဉ်ကွင်းများမှပျံတက်ကာ ရုရှားစစ်ဘက်ကို တိုက်ခိုက်မှုများလုပ်ဆောင်လာပါက ထိုလေယာဉ်များသာမက ၎င်းတို့အခြေစိုက်ရာလေယာဉ်ကွင်းများအားလုံးသည် ရုရှားတို့၏တရားဝင်ပစ်မှတ်များ ဖြစ်လာမည်ဖြစ်သည်။

ထို့ပြင် ရုရှားစစ်ဘက်အနေဖြင့် မည်သည့်ပစ်မှတ်ကိုမဆို၊ မည်သည့်နေရာကိုမဆို ပစ်ခတ်နိုင်စွမ်းရှိကြောင်း လွှတ်တော်အမတ်ကဆက်ပြောသည်။

ရုရှားကိုတိုက်ခိုက်ရေးအတွက် အနောက်အုပ်စုကထောက်ပံ့ပေးမည့် F-16 တိုက်လေယာဉ်တချို့သည် ပြည်ပလေယာဉ်ကွင်းများတွင် အခြေစိုက်သွားမည်ဖြစ်ကြောင်း ယူကရိန်းလေတပ်ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ဇွန်လ ၉ ရက်တွင်ပြောထားသည်။

လက်ရှိတွင် ယူကရိန်းတိုက်လေယာဉ်မှူးတချို့ကို F-16 တိုက်လေယာဉ်ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်ရေးအတွက် လေ့ကျင့်ပေးလျက်ရှိရာ လေယာဉ်မှူးအရေအတွက်နှင့်ကိုက်ညီမှုရှိသည့် လေယာဉ်အရေအတွက်ကိုသာ ယူကရိန်းနိုင်ငံအတွင်းထားရှိမည်ဟု အဆိုပါတာဝန်ရှိသူက ဆက်ပြောသည်။

ကျန်ရှိသော တိုက်လေယာဉ်များကိုမူ ရုရှားစစ်ဘက်၏ တိုက်ခိုက်မှုအောက်မှလွတ်မြောက်ရာ ပြည်ပလေတပ်စခန်းများ၌ အရန်အဖြစ်ထားရှိသွားမည်ဖြစ်ကြောင်း ၎င်းကပြောထားမှုအပေါ် ရုရှားလွှတ်တော်အမတ်က ယခုကဲ့သို့ တုံ့ပြန်လာခြင်းဖြစ်သည်။

လတ်တလောတွင် ဘယ်ဂျီယံ၊ ဒိန်းမတ်၊ နော်ဝေနှင့် နယ်သာလန်တို့က ယူကရိန်းနိုင်ငံသို့F-16 တိုက်လေယာဉ်များ လွှဲပြောင်းပေးရန်သဘောတူထားသည်။

တစ်ချိန်တည်းမှာပင် အနောက်အုပ်စုက ယူကရိန်းသို့ F-16 တိုက်လေယာဉ်များ လွှဲပြောင်းပေးခြင်းကို နျူကလီးယားအန္တရာယ်တစ်ခုအဖြစ်သတ်မှတ်ကြောင်း၊ NATO အုပ်စု၏ ပူးတွဲနျူကလီးယားစစ်ဆင်ရေးများတွင် ထိုလေယာဉ်များကိုအသုံးပြုလာနိုင်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့ကပြောသည်။

*Ref: RT*

မော်စကို၊ နိုင်ငံရေး

# လက်ရော့နှင့်ဝမ်ယီတို့ အာရှ-ပစိဖိတ်ဒေသ လုံခြုံရေးကိစ္စများ ဆွေးနွေး

ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီတို့က အာရှ-ပစိဖိတ်ဒေသအတွင်း လုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက ဇွန်လ ၁၀ ရက်တွင်ထုတ်ပြန်သည်။

ထို့ပြင် ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့အပေါ် အမေရိကန်နိုင်ငံ၏ ဆန့်ကျင်သောလုပ်ဆောင်ချက်များနှင့်ပတ်သက်၍လည်း နှစ်နိုင်ငံဝန်ကြီးများက ဆွေးနွေးသည်။

အလားတူ နှစ်နိုင်ငံဝန်ကြီးများသည် ယူရေးရှားဒေသအတွင်း လုံခြုံရေးအခြေအနေများနှင့်ပတ်သက်၍လည်း ဆွေးနွေးမှုများလုပ်ဆောင်သည်။

အဆိုပါနိုင်ငံခြားရေးဝန်ကြီးများသည် BRICS အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေး၏ ဘေးပန်းတွေ့ဆုံမှု၌ ယခုကဲ့သို့ဆွေးနွေးကြခြင်းဖြစ်ကြောင်း သိရသည်။

*Ref: Sputnik*

ဝါရှင်တန်၊ နိုင်ငံရေး

# ယူကရိန်းက အမေရိကန်အတွက် ရွှေတွင်းကြီးဖြစ်



ယူကရိန်းနိုင်ငံသည် အမေရိကန်အတွက် ရွှေတွင်းကြီးဖြစ်ကြောင်း၊ ယူကရိန်းပဋိပက္ခတွင် ရုရှားတို့အနိုင်ရရှိပါက ထိုရွှေတွင်းကြီးကိုဆုံးရှုံးလိုက်ရခြင်းဖြစ်မည်ဖြစ်ကြောင်း အမေရိကန်အထက်လွှတ်တော်အမတ် လင်ဆေးဂရေဟမ်ကပြောသည်။

ထို့ပြင် ရုရှားက ယူကရိန်းအရေးတွင် အနိုင်ရပါက ယူကရိန်း၏ချမ်းသာကြွယ်ဝမှုများကို တရုတ်နှင့်ဝေမျှသွားမည်ဖြစ်ကြောင်း၊ ထိုသို့အဖြစ်ခံမည့်အစား ယူကရိန်းဆိုသည့် ရွှေတွင်းကြီးကို အမေရိကန်တို့ကသာ လက်ဝယ်ပိုင်ဆိုင်ရသင့်ကြောင်း လင်ဆေးဂရေဟမ်ကဆက်ပြောသည်။

ယူကရိန်းနိုင်ငံတွင် အမေရိကန်ဒေါ်လာ ၁၀ ထရီလီယံမှ ၁၂ ထရီလီယံအထိရှိသည့် တန်ဖိုးကြီးသတ္တုများရှိကြောင်း၊ ထိုသတ္တုများကြောင့် ယူကရိန်းသည် ဥရောပတွင် အချမ်းသာဆုံးနိုင်ငံဖြစ်နိုင်ကြောင်း၊ လက်ရှိတွင် ယူကရိန်းကိုကူညီခြင်းသည် နောင်တွင် အမေရိကန်နိုင်ငံအတွက် မမျှော်မှန်းနိုင်သည့် မိတ်ဖက်စီးပွားရေးနိုင်ငံဖြစ်လာနိုင်ကြောင်းနှင့် ထိုအဖိုးတန်သတ္တုများကို အမေရိကန်နှင့်ရုရှားက အသုံးပြုနိုင်ကြောင်း ၎င်းက အင်တာဗျူးတစ်ခုတွင် ပြောသည်။

လင်ဆေးဂရေဟမ်သည် ရုရှားနိုင်ငံအပေါ် ရန်လိုသူတစ်ဦးဖြစ်ပြီး အမေရိကန်အထက်လွှတ်တော်တွင် ယူကရိန်းကိုထောက်ပံ့ရေးအတွက် တက်တက်ကြွကြွပါဝင်လုပ်ဆောင်နေသူတစ်ဦးလည်းဖြစ်သည်။

ထို့ပြင် ယူကရိန်းကိုထောက်ပံ့ရေးအတွက် ဒေါ်လာဘီလီယံ ၃၀၀ တန်ဖိုးရှိ ရုရှားနိုင်ငံပိုင်ပစ္စည်းများကို သိမ်းဆည်းရန်လည်း တောင်းဆိုထားသူဖြစ်သည်။

အလားတူ ရုရှားနိုင်ငံကို အကြမ်းဖက်မှုအားပေးထောက်ခံသည့် နိုင်ငံအဖြစ်သတ်မှတ်ရေးအတွက် အကြိမ်ကြိမ်တောင်းဆိုထားဖူးသူဖြစ်သည်။

လင်ဆေးဂရေဟမ်၏ အင်တာဗျူး မထွက်လာမီတစ်ရက်အလိုတွင် ဟန်ဂေရီဝန်ကြီးချုပ်က အနောက်အုပ်စုအနေဖြင့် ယူကရိန်းက ရုရှားကို အနိုင်ရရှိစေလိုသည့် အဓိကရည်ရွယ်ချက်မှာ ယူကရိန်း၏ချမ်းသာကြွယ်ဝမှုများကို ထိန်းချုပ်လိုသည့်အတွက်ဖြစ်သည်ဟုပြောထားသည်။

ရုရှားကမူ ယူကရိန်းနှင့်ပဋိပက္ခဖြစ်ပွားနေရသည့် အဓိကရည်ရွယ်ချက်မှာ ရုရှားဘာသာစကားပြောသည့် ပြည်သူများကို ယူကရိန်းအစိုးရ၏ဖိနှိပ်မှုမှ လွတ်မြောက်စေရန်နှင့် ရုရှား၏အမျိုးသားအကျိုးစီးပွားကို ကာကွယ်ရန်တို့သာဖြစ်ကြောင်း အခိုင်အမာပြောထားသည်။

*Ref: RT*

တမ်ပါ၊ စစ်ရေး

# ဟူသီသူပုန်တို့၏ ဒုံးကျည်များဖြင့်ပစ်ခတ်မှုကြောင့် ကုန်တင်သင်္ဘောနှစ်စင်းထိခိုက်ပျက်စီး



ဟူသီသူပုန်တို့၏ ဒုံးကျည်များဖြင့်ပစ်ခတ်မှုကြောင့် ဧဒင်ပင်လယ်ကွေ့အတွင်းရှိ ကုန်တင်သင်္ဘောနှစ်စင်းထိခိုက်ပျက်စီးရသည်ဟု အမေရိကန်အလယ်ပိုင်းကွပ်ကဲမှုဌာနချုပ်က ဇွန်လ ၁၀ ရက်တွင် ထုတ်ပြန်သည်။

အီရန်နိုင်ငံ၏ထောက်ပံ့ခံ ဟူသီသူပုန်များသည် ယီမင်နိုင်ငံအတွင်းရှိ ၎င်းတို့ထိန်းချုပ်ရာဒေသမှနေ၍ သင်္ဘောဖျက်အမြင့်ပျံ ဒုံးကျည်သုံးစင်းနှင့် သင်္ဘောဖျက်အနိမ့်ပျံဒုံးကျည်တစ်စင်းတို့ကို ဧဒင်ပင်လယ်ကွေ့သို့ပစ်လွှတ်ကြောင်း၊ ထိုဒုံးကျည်များသည် ဆွစ်ဇာလန်နိုင်ငံပိုင် ကုန်တင်သင်္ဘောနှင့် ဂျာမနီပိုင် ကုန်တင်သင်္ဘောတို့ကို ထိမှန်ကြောင်း အဆိုပါစစ်ဌာနချုပ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါ ဒုံးကျည်များထိမှန်မှုကြောင့် ကုန်တင်သင်္ဘောများမှာ ထိခိုက်ပျက်စီးမှုများရှိသော်လည်း သင်္ဘောနှစ်စင်းစလုံးမှာ နစ်မြုပ်သွားခြင်းမရှိကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် အမေရိကန်စစ်ဘက်က ယီမင်နိုင်ငံအတွင်းရှိ ဟူသီထိန်းချုပ်ရာနေရာမှ ဒုံးပစ်လောင်ချာတစ်ခု၊ အနိမ့်ပျံဒုံးကျည်နှစ်စင်းနှင့် မောင်းသူမဲ့လေယာဉ်တစ်စင်းတို့ကိုလည်း ဖျက်ဆီးလိုက်နိုင်ကြောင်း ထုတ်ပြန်ထားသည်။

ဟူသီသူပုန်များသည် ဂါဇာကမ်းမြောင်ဒေသအတွင်း အစ္စရေးတို့၏တိုက်ခိုက်မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် ဒေသတွင်းသွားလာနေသော ကုန်တင်သင်္ဘောများနှင့် စစ်သင်္ဘောများကို တိုက်ခိုက်မှုများလုပ်ဆောင်နေခြင်းဖြစ်သည်။

ဟူသီသူပုန်တို့၏တိုက်ခိုက်မှုများကြောင့် အမေရိကန်စစ်ဘက်က နိုင်ငံပေါင်းစုံပါဝင်သော ပူးပေါင်းတပ်ဖွဲ့ကိုဖွဲ့စည်းကာ ဒေသတွင်းသွားလာနေသည့် သင်္ဘောများကို ကာကွယ်ရေးနှင့် မြေပြင်ရှိဟူသီတို့၏ ပစ်မှတ်များကို တိုက်ခိုက်ရေးတို့လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ *Ref: Sputnik*

# ရေခဲမုန့်၊ ချောကလက်များတွင်ပါသည့် တာရှည်ခံဆေးက ဆီးချိုရောဂါဖြစ်မှုနှင့်ဆက်စပ်နေ

ထက်မြတ်

မကြာသေးမီက လုပ်ဆောင်ခဲ့သည့် ပြင်သစ်နိုင်ငံ၏ သုတေသနတစ်ခုတွင် ရေခဲမုန့်၊ ချောကလက်နှင့် ပေါင်မုန့်တို့တွင်ပါသည့် တာရှည်ခံဆေးက ဆီးချိုရောဂါဖြစ်မှုနှင့်ဆက်စပ်နေသည်ကိုတွေ့ရသည်။

ဥရောပနှင့်မြောက်အမေရိကဒေသတို့တွင် အရွယ်ရောက်ပြီးသူများသည် အလွန်အမင်းပြုပြင်ထားသော အစားအသောက်များမှနေ၍ ကယ်လိုရီပမာဏ ၃၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ ရရှိနေသည်။

ကြီးထွားလာသောခန္ဓာကိုယ်တစ်ခုသည် အဆိုပါအစားအသောက်များကို အလွန်မြင့်မားစွာစားသုံးနေရပြီး ထိုမှတစ်ဆင့် ဆီးချိုရောဂါနှင့် အခြားသောကိုယ်တွင်းဇီဝရောဂါများဖြစ်ပွားမှုကို မြင့်တက်စေခြင်းဖြစ်သည်ကို သုတေသနတွင်တွေ့ရသည်။



အဆိုပါတာရှည်ခံဆေးများမှာ အစားအသောက်ဘေးကင်းမှုအတွက် တရားဝင်ခွင့်ပြုထားသည့်ဆေးများဖြစ်သောကြောင့် ယခုကဲ့သို့တွေ့ရှိမှုက တာဝန်ရှိသူများ၏ ခွင့်ပြုမှုကို ပြန်လည်ဆန်းစစ်ရမည့်အခြေအနေဖြစ်လာသည်။

တာဝန်ရှိသူများအနေဖြင့် ထိုတာရှည်ခံဆေးများကိုခွင့်ပြုသည့်အချိန်က ထိုအချိန်တွင်ရရှိနိုင်သော သုတေသနများကိုသာ မူတည်၍ခွင့်ပြုထားခြင်းဖြစ်သည်။

သို့သော် ထိုတာရှည်ခံဆေးများသည် အစာခြေမှုစနစ်ကို နှောင့်ယှက်နိုင်ပြီး ရောင်ရမ်းမှုနှင့် ကိုယ်တွင်းဇီဝဖြစ်စဉ်များ ဖြစ်ပေါ်မှုကို အနှောင့်အယှက်ဖြစ်စေသည်ဟု ယခုသုတေသနတွင် တွေ့ရှိထားသည်။

ထိုသို့သော နှောင့်ယှက်မှုများကြောင့် အင်ဆူလင်ထုတ်လုပ်မှုကို အဟန့်အတားဖြစ်စေကာ ထိုမှတစ်ဆင့် ဆီးချိုရောဂါကို ဖြစ်ပွားစေခြင်းဖြစ်သည်။

ယခုသုတေသနကို ပြင်သစ်သုတေသီအဖွဲ့တစ်ဖွဲ့က လုပ်ဆောင်ခြင်းဖြစ်ပြီး ပြင်သစ်နိုင်ငံအတွင်းရှိ အသက် ၄၃ နှစ်မှ ၇၉ နှစ်ကြားရှိ အရွယ်ရောက်ပြီးသူ အယောက်တစ်သိန်းကျော်ကို ၂၀၀၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ လေ့လာခဲ့ခြင်းဖြစ်သည်။

သုတေသနတွင် ပါဝင်သူများသည် အနည်းဆုံးနှစ်ရက်တာစားသုံးမှုမှတ်တမ်းကို ၎င်းတို့စားသုံးသမျှသော အစားအစာများ၏ အသေးစိတ်အချက်အလက်များကိုလည်း ပေးရသည်။

နှစ်ရက်တာစားသုံးမှုမှတ်တမ်းကို ၁၄ နှစ်တိုင်တိုင် ခြောက်လတစ်ကြိမ်ပေးရခြင်းဖြစ်ပြီး သုတေသီများက စာရင်းသွင်းထားသည့် မှတ်တမ်းများနှင့်ပြန်လည်တိုက်ဆိုင်စစ်ဆေးသည်။

ထို့နောက် သုတေသနတွင်ပါဝင်သူများအနက် ၁၀၅၆ ဦးမှာ ဆီးချိုရောဂါဖြစ်နေသည်ကိုတွေ့ရသည်။ သုတေသီများသည် ဆီးချိုရောဂါကိုဖြစ်စေသည့် အကြောင်းရင်းများဖြစ်သော လိင်အမျိုးအစား၊ ကိုယ်အလေးချိန်၊ ပညာတတ်မြောက်မှုအခြေအနေ၊ မိသားစုရာဇဝင်၊ ဆေးလိပ်နှင့်အရက်သောက်မှုအခြေအနေ၊ ကိုယ်လက်လှုပ်ရှားမှုအခြေအနေ၊ စားသုံးလိုက်သည့်အာဟာရအရည်အသွေးတို့ကိုလည်း ထည့်သွင်းတွက်ချက်သည်။

ယင်းသို့တွက်ချက်မှုများအရ တာရှည်ခံဆေးအများစုကို နှစ်ရှည်လများစွာစားသုံးမှုသည် အမျိုးအစား ၂ ဆီးချိုရောဂါကိုဖြစ်စေခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ယခုသုတေသနသည် တာရှည်ခံဆေးများနှင့်ဆီးချိုရောဂါတို့ကြား ဆက်စပ်နေမှုများကိုသာ ကနဦးဖော်ထုတ်ခြင်းဖြစ်ပြီး နောက်ထပ်သုတေသနများကို ဆက်လက်လုပ်ဆောင်ရဦးမည်ဖြစ်သည်။

*Ref: SciTech*

# အားဖြည့်အချိုရည်များနှင့် ရုတ်တရက်နှလုံးတိုက်ခိုက်ခံရမှုက ဆက်စပ်နေ

ထက်မြတ်

အားဖြည့်အချိုရည်များကိုသောက်သုံးမှုများနှင့် ရုတ်တရက်နှလုံးတိုက်ခိုက်ခံရမှုတို့က ဆက်စပ်နေကြောင်း နှလုံးခုန်သံအမည်ရှိ အဖွဲ့အစည်းက လေ့လာတွေ့ရှိထားသည်။


သုတေသနပညာရှင်များသည် ရုတ်တရက်နှလုံးတိုက်ခိုက်ခံရမှုမှ အသက်မသေဘဲ ကျန်ရစ်နိုင်ခဲ့သူများကို လေ့လာမှုများလုပ်ဆောင်ရာ ၎င်းတို့အနက် ၅ ရာခိုင်နှုန်းက ရုတ်တရက် နှလုံးတိုက်ခိုက်ခံရမှုမဖြစ်ခင် အားဖြည့်အချိုရည်များကို သောက်သုံးသူများ ဖြစ်သည်ဟုတွေ့ရသည်။

အဆိုပါ သုတေသနတွေ့ရှိချက်က အားဖြည့်အချိုရည်များ သောက်သုံးမှုနှင့် ရုတ်တရက်နှလုံးတိုက်ခိုက်ခံရမှု အကြောင်းအကျိုးဆက်စပ်မှုကို ရှင်းပြထားခြင်းမရှိသော်လည်း အားဖြည့်အချိုရည်များသောက်သုံးမှုနှင့်ပတ်သက်၍မူ သတိပေးထားသည်။

ပြီးခဲ့သည့်နှစ်အတွင်း အမေရိကန်နိုင်ငံ၌ အားဖြည့်အချိုရည်ဈေးကွက်က လျင်မြန်စွာကြီးထွားလာသည်။ ထိုသို့ဈေးကွက်ကြီးထွားလာသည့်နည်းတူ ကဖင်းဓာတ်စားသုံးမှုနှင့် ထိုအချိုရည်များတွင် တရားဝင်သတ်မှတ်ပေးထားခြင်းမရှိသည့် ပါဝင်ပစ္စည်းများ၏ ပေါင်းစပ်အကျိုးဆက်များနှင့်ပတ်သက်၍လည်း စိုးရိမ်မှုများမြင့်တက်လာရသည်။

အမေရိကန်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲမှုဌာနက အားဖြည့်အချိုရည်များကို စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ထားခြင်းမရှိသော်လည်း ထိုအချိုရည်များကြောင့် မျိုးရိုးလိုက်နှလုံးရောဂါရှိသူများတွင် ရုတ်တရက်နှလုံးတိုက်ခိုက်ခံရမှုဖြစ်ပွားခြင်း အန္တရာယ်က စိုးရိမ်ရသည့်အနေအထားရောက်လာသည်။

အားဖြည့်အချိုရည်တစ်ဘူးတွင် ပျမ်းမျှအားဖြင့် ကဖင်းဓာတ် ၈၀ မီလီဂရမ်မှ ၃၀၀ မီလီဂရမ်အထိပါဝင်နေသည်။ ၈ အောင်စရှိ ဖျော်ထားသောကော်ဖီတစ်ခွက်တွင်မူ ကဖင်းဓာတ်က ၁၀၀ မီလီဂရမ်သာ ပါဝင်သည်။



သို့သော် အားဖြည့်အချိုရည်များတွင် ကဖင်းဓာတ်နှင့်အတူ အာရုံကြောများကို နိုးကြားစေသည့် အခြားသောပစ္စည်းများလည်း ပါဝင်နေသည်။

ထိုကဲ့သို့သောပါဝင်ပစ္စည်းများသည် နှလုံးခုန်နှုန်း၊ သွေးပေါင်ချိန်၊ နှလုံးသွေးကြောအကျဉ်းအကျယ် စသည့်အခြေအနေများကို ပြောင်းလဲစေသည်။

သုတေသီများသည် ရုတ်တရက်နှလုံးတိုက်ခိုက်ခံရမှုသုတေသနအတွက် အားဖြည့်အချိုရည်များသောက်သုံးမှုအခြေအနေကိုသာမက နှလုံးအခြေအနေ၊ လေ့ကျင့်ခန်းလုပ်မှုနှင့် အခြားသောအခြေအနေများကိုပါ အနီးကပ်လေ့လာမှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ရုတ်တရက်နှလုံးတိုက်ခိုက်ခံရမှုဖြစ်ပွားခြင်းအတွက် အခြားသောအခြေအနေများတွင် အိပ်ရေးမဝခြင်း၊ ရေဓာတ်ခန်းခြောက်ခြင်း၊ အလွန်အမင်းအစာဖြတ်ခြင်းနှင့် မီးဖွားပြီးစအချိန်ဖြစ်ခြင်းတို့ ပါဝင်သည်။

ထိုသို့သောအခြေအနေမျိုးတွင် အားဖြည့်အချိုရည်များကို ပုံမှန်မဟုတ်ဘဲသောက်သုံးခြင်းသည် ရုတ်တရက်နှလုံးတိုက်ခိုက်မှုအန္တရာယ်နှင့် ရင်ဆိုင်ရစေခြင်းဖြစ်သည်ဟု ဆရာဝန်များကပြောသည်။

ယခုကဲ့သို့ အားဖြည့်အချိုရည်များသောက်သုံးမှုနှင့် အသက်အန္တရာယ်ဖြစ်စေသော ရုတ်တရက်နှလုံးတိုက်ခိုက်မှုတို့ကြား ဆက်စပ်မှုမှာ အလွန်သေးငယ်သော်လည်း မျိုးရိုးလိုက်နှလုံးရောဂါရှိသူများအနေဖြင့် ထိုအားဖြည့်အချိုရည်များကို သောက်သုံးမှုအတွက် ရရှိသည့်အကျိုးကျေးဇူးနှင့်ပြန်ပေးရမည့် စွန့်စားမှုတို့ကို ချင့်ချိန်တွက်ချက်ရန်လိုသည်ဟု ဆရာဝန်များက သတိပေးထားသည်။

*Ref: SciTech*

နေပြည်တော်  ဇွန်  ၁၀

## နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်(အမျိုးသား) ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး တက်ရောက်



၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပရာ နေပြည်တော်အားကစားနှင့် ကာယပညာကော်မတီနာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမားများ၊ အားကစားဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ယနေ့ကျင်းပသည့် မြို့နယ်ပေါင်းစုံ ဖူဆယ်ပြိုင်ပွဲသည် ထူးချွန်ထက်မြက်သည့် အားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် အခြေခံပြိုင်ပွဲကောင်းတစ်ခုဖြစ်ကြောင်း၊ အားကစားသမားများအနေဖြင့် အားကစားစိတ်ဓာတ်အပြည့်အဝဖြင့် သန့်သန့်ရှင်းရှင်းယှဉ်ပြိုင်ကစားကြပြီး မိမိတို့အသင်းအနိုင်ရရှိရေး စွမ်းစွမ်းတမံကြိုးစားယှဉ်ပြိုင်ကြစေလိုကြောင်းပြောကြားပြီး ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများနှင့်ဒိုင်အဖွဲ့များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး အသက် ၂၅ နှစ်အောက် ဖူဆယ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ပျဉ်းမနားမြို့နယ်အသင်းနှင့် လယ်ဝေးမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် ဖူဆယ်(အမျိုးသား)ပြိုင်ပွဲကို ဇွန်လ ၁၀ ရက်မှ ၁၄ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းစုစုပေါင်း ရှစ်သင်းဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ (၅၃၅)ရေပေးရေးစက်ရုံသို့သွားရောက်၍ သောက်သုံးရေဖြန့်ဖြူးပေးဝေနေမှုကို ကြည့်ရှုစစ်ဆေးပြီး တိုးချဲ့ရေပေးရေးဆောင်ရွက်မည့်လုပ်ငန်းများကို ကုန်ကျစရိတ်သက်သာစွာ အပြည့်အဝဖြန့်ဖြူးပေးဝေနိုင်ရေး စနစ်တကျတွက်ချက်ဆောင်ရွက်ရန်၊ သောက်သုံးရေဖြန့်ဖြူးပေးဝေရာတွင် လေလွင့်မှုမရှိရေး အထူးဂရုပြုဆောင်ရွက်ရန်၊ မြို့ပြနေပြည်သူများ သောက်သုံးရေ အပြည့်အဝရရှိစေရေးအတွက် ရေတွန်းစက်များ၏ကြံ့ခိုင်မှုကို အမြဲစစ်ဆေးဆောင်ရွက်ကြရန်တို့ကိုမှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဇွန်  ၁၀

## သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်နည်းစနစ်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် ဆွေးနွေးပြောကြား



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန အခြားနှံစားသီးနှံသုတေသနဌာနစု စိုက်ကွင်း၌ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ စပ်မျိုးပြောင်းသီးနှံတစ်ဧကပန်းတိုင်အထွက်နှုန်းရရှိရန်ရည်ရွယ်၍ မြေပြုပြင်သည်မှ ရိတ်သိမ်းသည်အထိ (Fully Mechanized) ဖြင့် စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ရေဆင်းရေလှောင်တမံ ရှင်းလင်းဆောင်သို့ရောက်ရှိစဉ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေရရှိရေးနည်းလမ်းအလိုက် ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါး၊ ဆောင်းသီးနှံနှင့် နွေစပါး၊ နွေသီးနှံ စိုက်ပျိုးပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရေပေးဝေမည့် အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြောင်းလဲလာသော ရာသီဥတုဖြစ်စဉ်များကြောင့် စိုက်ပျိုးရေပြတ်လပ်မှုမရှိစေရေးနှင့် ရရှိနိုင်သမျှသော ရေအရင်းအမြစ်သစ်များ စူးစမ်းရှာဖွေဖော်ထုတ်နိုင်ရေး၊ တစ်နှစ်လျှင် သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးရေ အလေအလွင့်မရှိပေးဝေနိုင်ရန် ရေလှည့်စနစ်များဖြင့် စနစ်တကျပေးဝေနိုင်ရေးအတွက် ဆက်စပ်ဌာနများအားလုံး ပူးပေါင်းပါဝင်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဇေယျာသီရိမြို့နယ် သစ်တပ်အုပ်စု ကြို့ပင် ရေမြှင့်ရေထိန်းအဆောက်အအုံအနီး၌ နွေနှမ်းစိုက်ပျိုးလျက်ရှိသော ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ဒုတိယဝန်ကြီးက သီးနှံအလိုက် ပန်းတိုင်အထွက်နှုန်းရရှိရေး စိုက်နည်းစနစ်များနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဆွေးနွေးပြောကြားကာ နွေနှမ်းစိုက်ခင်းများကိုကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော်  ဇွန်  ၁၀

## ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ မူလတန်းကြိုကျောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနတို့ကို ဒုတိယဝန်ကြီး ဦးစိုးကြည် ကြည့်ရှုစစ်ဆေး



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ သီရိရတနာမူလတန်းကြိုကျောင်းသို့သွားရောက်၍ ရင်သွေးငယ်လေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားလေ့ကျင့်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေးဆိုင်ရာနည်းလမ်းများကို ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်ရန်၊ နှစ်အလိုက် ကျောင်းတွင်းလှုပ်ရှားမှု ဆောင်ရွက်ချက်များဖြစ်သည့် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ လေ့လာရေးအစီအစဉ်များနှင့် မိဘအသိပညာပေးအစီအစဉ်များကို ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ၊ ပုဂ္ဂလိက မူလတန်းကြိုကျောင်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားပြီး မူကြိုတက်ရောက်လျက်ရှိသော ရင်သွေးငယ်များအတွက် အာဟာရမုန့်များနှင့် ပဲနို့အာဟာရများ ပေးဝေသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပြည်ထောင်စုနယ်မြေ နေပြည်တော် လူမှုဝန်ထမ်းရုံးသို့သွားရောက်၍ နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင် လူမှုဝန်ထမ်းလုပ်ငန်းပိုင်းဆိုင်ရာများဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန နေပြည်တော်ကောင်စီဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေးပစ္စည်းသိုလှောင်ရုံသို့ရောက်ရှိပြီး ပစ္စည်းများသိုလှောင်ထားရှိမှု၊ ထောက်ပံ့ရေးလုပ်ငန်းနှင့် ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကြိုတင်သိရှိသတိပြုကာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇွန် ၁၀

## ကလေးမြို့ ရေကူးကန်တွင် လူငယ်များကိုဖမ်းဆီးပြီးစစ်မှုထမ်းဆောင်ရန်ခံဝန်ထိုးခိုင်းကြောင်းနှင့် တချို့ကိုစစ်မှုထမ်းဆောင်ရန်ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ




စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ မင်းကြီးဟိုတယ်ရေကူးကန်တွင် ရေကူးနေသည့် လူငယ် ၂၀ ကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန်လ ၉ ရက်နေ့တွင် ဝင်ရောက်ဖမ်းဆီးခဲ့ပြီး စစ်မှုထမ်းဆောင်ရန် ခံဝန်လက်မှတ်ထိုးခိုင်းကြောင်းနှင့် တချို့ကို စစ်မှုထမ်းဆောင်ရန်အတွက်ဖမ်းဆီးခေါ်ဆောင်သွားကြောင်းပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်ပြီး ပြည်သူများအထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများဖြင့်လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇွန်လ ၉ ရက်နေ့တွင် ကလေးမြို့ မင်းကြီးဟိုတယ်ရေကူးကန်တွင် လာရောက်ရေကူးသည့်လူငယ်များ ခိုက်ရန်ဖြစ်ပွားနေကြောင်း သတင်းပေးပို့ချက်အရ မြို့နယ်စီမံအုပ်ချုပ်ရေးတာဝန်ရှိသူများက ခိုက်ရန်ဖြစ်ပွားမှုမရှိစေရန်အတွက် သွားရောက်ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် စစ်မှုထမ်းဆောင်ရန် ခံဝန်လက်မှတ်ထိုးခိုင်းခြင်း၊ ဖမ်းဆီးခဲ့ခြင်းမရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို မလိုလားသူများက ပြည်သူ့စစ်မှုထမ်းဥပဒေစတင်အာဏာတည်သည့်နေ့မှစပြီး ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် အထင်အမြင်လွဲမှားစေရန်အတွက် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်သည့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိပါသည်။ (၁၀၀)

ပညာရေးဝန်ကြီးဌာန
၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်

- ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး။
- အနိမ့်ဆုံးအဆင့် KG+9 ပြီးမြောက်အောင်မြင်စေဖို့ တက်ညီလက်ညီဆောင်ရွက်ရို့။
- အခြေခံပညာတတ်မြောက်ရေး အခမဲ့ပညာရေးဖြင့် မြှင့်တင်ပေး။

နေပြည်တော် ဇွန် ၁၀

## ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၃ ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂-၆-၂၀၂၄ ရက် ည ၈ နာရီမှ ၉-၆-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၁၇၆၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၆၃ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၂ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

နေပြည်တော် ဇွန် ၁၀

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကိုထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Power Mandalay Mobile Second" Facebook Page အကောင့်ပိုင်ရှင်ဖြစ်သူ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ မုံရွာတောင်ရပ်ကွက်နေ ပြည့်ဖြိုးဇော်အား နံနက် ၈ နာရီ ၄၀ မိနစ်တွင် မဟာအောင်မြေမြို့မ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)

အထက်မင်းလှ ဇွန် ၁၀

## အထက်မင်းလှမြို့နယ် ဂျင်ရဲမြောင် (စံပြ)ကျေးရွာ၌ မိုးနှမ်းများစိုက်ပျိုးထားရှိ

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ်အတွင်းရှိ ကုန်းကြီးကျေးရွာအုပ်စု ဂျင်ရဲမြောင် (စံပြ)ကျေးရွာသည် စိုက်ပျိုးရေးကို အဓိကလုပ်ကိုင်ကြပြီး ကြက်သွန်နီ၊ ဝါ၊ ပဲတီစိမ်း၊ နေကြာနှင့် နှမ်း စသည့်သီးနှံများကို ရာသီအလိုက် စိုက်ပျိုးကြကြောင်း သိရသည်။

နှမ်းစိုက်ပျိုးမှုအနေဖြင့် မေလတွင် စတင်စိုက်ပျိုး၍ စိုက်ပျိုးပြီးရက်ပေါင်း ၈၀ အကြာတွင် ရိတ်သိမ်းရသည်။ နှမ်းစိုက်ပျိုးရာတွင် ကြောင်းဆွဲစနစ်ဖြင့် စိုက်ပျိုး၍ မျိုးအနေဖြင့် နှမ်းအဖြူမျိုးနှင့် နှမ်းအနီမျိုးများဖြစ်ပြီး နှမ်းအနီမျိုးများကို အများဆုံး စိုက်ပျိုးကြသည်။ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစု၊ ထွန်ယက်ခ၊ လုပ်သားခအပါအဝင် နှမ်းအနီတစ်ဧကလျှင် စုစုပေါင်း ငွေကျပ် ၁၀၀၀၀၀၊ နှမ်းအဖြူတစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၁၄၀၀၀၀ ကုန်ကျကြောင်း သိရသည်။

ယခင်နှစ်ကနှမ်းအထွက်နှုန်းမှာ တစ်ဧကလျှင် ၁၅ တင်းထွက်ရှိပြီး လက်ရှိအချိန်တွင် ယခင်နှစ်ကထွက်ခဲ့သည့် နှမ်းဟောင်းများဖြစ်သည့် နှမ်းနက်(စမုန်)၊ နှမ်းနီနှင့် နှမ်းဖြူများ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုနှစ်တွင်လည်း ယခင်နှစ်အတိုင်းထွက်ရှိမည်ဆိုပါက တောင်သူများအနေဖြင့် ထိုက်သင့်သည့်အကျိုးအမြတ်ရရှိမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ **ဇော်မျိုး(မြဝတီ)**

### ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၆-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၅ | ၂၅၆၀ | ၂၅၄၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၇၅ | ၂၅၈၅ | ၂၅၄၅ | ၂၆၇၅ | ၂၇၀၅ | ၂၅၅၀ | ၂၅၆၅ | ၂၆၀၀ | ၂၅၉၀ | ၂၆၀၀ | ၃၀၁၀ | ၄၀၀၀ |
| 95 Ron | ၂၆၁၅ | ၂၆၈၅ | ၂၆၆၀ | ၂၆၁၅ | ၂၆၈၅ | ၂၇၀၀ | ၂၇၃၀ | ၂၆၆၅ | ၂၇၉၅ | ၂၈၂၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၃၀ | ၂၇၂၀ | ၃၃၃၀ | ၄၁၅၀ |
| HSD (500 ppm) | ၂၃၀၅ | ၂၃၇၀ | ၂၃၅၀ | ၂၃၀၅ | ၂၃၇၅ | ၂၃၈၅ | ၂၃၉၅ | ၂၃၅၅ | ၂၄၈၅ | ၂၅၁၅ | ၂၃၆၀ | ၂၃၇၅ | ၂၄၁၀ | ၂၄၀၀ | ၂၄၁၀ | ၂၈၂၀ | ၄၁၀၀ |
| HSD (50 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |
| HSD (10 ppm) | ၂၃၅၀ | ၂၄၂၀ | ၂၄၀၀ | ၂၃၅၀ | ၂၄၂၀ | ၂၄၃၅ | ၂၄၄၅ | ၂၄၀၀ | ၂၅၃၀ | ၂၅၆၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၅ | ၂၄၄၅ | ၂၄၆၀ | ၂၈၆၅ | ၄၁၀၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ကျပ်/လီတာ


| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၅၃ | ၂၄၃၄ |
| 95 Ron | ၂၄၇၁ | ၂၅၅၄ |
| HSD (500 ppm) | ၂၁၆၉ | ၂၂၄၂ |
| HSD (50 ppm) | ၂၂၁၆ | ၂၂၉၀ |
| HSD (10 ppm) | ၂၂၁၆ | ၂၂၉၀ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော်  ဇွန်  ၁၀

# သန်လျင်တံတားအမှတ်(၃)ဖွင့်ပွဲအခမ်းအနားကို ပစ်ခတ်တိုက်ခိုက်မည့် အကြမ်းဖက်သမားများအား ၁၀၇ မမ ရှော့တိုက်ဒုံးသီးများနှင့်အတူ ဖမ်းဆီးရမိ

**သန်လျင်တံတား အမှတ်(၃)ဖွင့်ပွဲအား ၁၀၇ မမရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်မည့် အကြမ်းဖက်သမားများ ဖမ်းဆီးရမိမှုအခြေပြဇယား**




**သန်လျင်တံတား အမှတ်(၃)ဖွင့်ပွဲအခမ်းအနားအား အကြမ်းဖက်သမားများမှ ၁၀၇ မမရှော့တိုက်ဒုံးသီးဖြင့် ပစ်ခတ်ရန် စီစဉ်ဆောင်ရွက်ခဲ့မှုအခြေအနေ**




**သန်လျင်တံတား အမှတ်(၃)ဖွင့်ပွဲအား ပစ်ခတ်မည့် ၁၀၇ မမရှော့တိုက်ဒုံးနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ**



၂၀၂၄ ခုနှစ်၊ ဇွန်လ ၈ ရက်တွင် သိမ်းဆည်းရမိ။



၂၀၂၄ ခုနှစ်၊ ဇွန်လ ၉ ရက်တွင် သိမ်းဆည်းရမိ။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အုပ်ချုပ်ရေးယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အဦများ၊ လမ်းတံတားများအား မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG လက်အောက်ခံ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင်များသည် ဇွန်လ ၈ ရက်တွင် **သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနား**ကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် **၁၀၇ မမ ရှော့တိုက်ဒုံး**များဖြင့် ပစ်ခတ်တိုက်ခိုက်ရန် စီစဉ်လျက်ရှိကြောင်း အကြမ်းဖက်မှုကိုမလိုလားသည့် ပြည်သူများ၏ သတင်းပေးပို့ချက်အရ အကြမ်းဖက်သမားများအားဖမ်းဆီးရမိနိုင်ရေး နေ့/ညမပြတ်ဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၈ ရက် နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၆၁)ရပ်ကွက်၊ သင်္ဘောကျင်းဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ သစ်သားလိုင်းခန်းအဟောင်း၌ ရန်ကုန် UG အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **စိန်ကြီး(ခ)အောင်ထွေး**(၂၆)နှစ်၊ **ချိုကြီး(ခ) ဟိန်းထက်အောင်**(၁၈)နှစ်၊ **မင်းသူ**(၃၀)နှစ်၊ **မောင်ဟိန်း**(၂၄)နှစ်၊ **အောင်သူရထွန်း** (၂၅)နှစ်၊ **ပြည့်ဖြိုးဇော်**(၁၈)နှစ်နှင့် **ထက်အာကာလင်း**(၂၆)နှစ်တို့ ၇ ဦးအား **၁၀၇ မမ ရှော့တိုက်ဒုံး ၂ လုံး၊ ဖြူးစ် ၂ ခု၊ လက်ပစ်ဗုံး ၂ လုံး၊ ဘက်ထရီအိုး ၂ လုံး၊ ဝိုင်ယာကြိုးခွေ ၄ ခွေ၊ အခြားဆက်စပ်ပစ္စည်းများ**နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ ဇွန်လ ၉ ရက် နံနက်ပိုင်းတွင် ရှော့တိုက်ဒုံးပစ်ခတ်ရန် ပူးပေါင်းပါဝင်သူများဖြစ်သော **ချစ်ကေခိုင်**(၃၈)နှစ်အား ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၂)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်(၉၃)နေအိမ်မှလည်းကောင်း၊ **ဇာနည်အောင်(ခ)ကိုဇာ**(၃၂)နှစ်အား ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ (၇၂)ရပ်ကွက်၊ ဗန္ဓုလလမ်း၊ အမှတ်(၁၁၁)နေအိမ်မှ ၁၀၇ မမ ရှော့တိုက်ဒုံး ၁ လုံး၊ ဖြူးစ်တစ်ခုတို့ဖြင့် လည်းကောင်း အသီးသီးထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဖြစ်စဉ်တွင် တရားခံ **ကျား ၈ ဦး၊ မ ၁ ဦး ပေါင်း ၉ ဦး**တို့နှင့်အတူ **၁၀၇ မမရှော့တိုက်ဒုံး ၃ လုံး၊ ဖြူးစ် ၃ ခု၊ လက်ပစ်ဗုံး ၂ လုံး၊ ဘက်ထရီအိုး ၂ လုံး၊ ဝိုင်ယာကြိုးခွေ ၄ ခွေနှင့် အခြားဆက်စပ်ပစ္စည်းများ**အား ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ Brigate Drone Force PDF အကြမ်းဖက်အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ **အာကာမင်း**မှ ၂၀၂၄ ခုနှစ်၊ ဧပြီလ တတိယပတ်တွင် Instagram မှတစ်ဆင့် ရှော့တိုက်ဒုံး ချိန်ရွယ်နည်းနှင့် ပစ်ခတ်နည်းများအား သင်ကြားပေးခဲ့ကြောင်း၊ သန်လျင်တံတားအမှတ်(၃) ဖွင့်ပွဲအခမ်းအနားကျင်းပစဉ် အပြစ်မဲ့ပြည်သူများကို ထိခိုက်သေကျေပျက်စီးစေရန်ရည်ရွယ်၍ လုပ်ကြံပစ်ခတ်ရန်အတွက် မေလ ၁၉ ရက်တွင် ရန်ကုန် UG အဖွဲ့ဝင် ဖမ်းဆီးရန်ကျန်တရားခံ **ဖြူနှင်းအေး(ခ)မီးအိမ်ရှင်**မှ **စိန်ကြီး(ခ)အောင်ထွေး**အားဆက်သွယ်၍ ၁၀၇ မမ ရှော့တိုက်ဒုံးသီး ၃ လုံးနှင့် လက်ပစ်ဗုံး ၂ လုံးတို့အား ချိတ်ဆက်ပို့ဆောင်ပေးခဲ့သဖြင့် **စိန်ကြီး(ခ)အောင်ထွေး၊ ဇာနည်အောင်(ခ)ကိုဇာ**နှင့် **ချစ်ကေခိုင်**တို့ ၃ ဦးမှ ပုဇွန်တောင်မြို့နယ်၊ Ocean Center အနီးရှိ ကားမှတ်တိုင်တွင် ရန်ကုန် UG အဖွဲ့ဝင် (စိစစ်ဆဲ) ကျား ၂ ဦးထံမှ သွားရောက်ယူဆောင်ခဲ့ပြီး သို့ဝှက်သိမ်းဆည်းထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **စိန်ကြီး(ခ)အောင်ထွေး၊ ချိုကြီး(ခ)ဟိန်းထက်အောင်၊ မောင်ဟိန်း၊ ပြည့်ဖြိုးဇော်၊ ထက်အာကာလင်း၊ ဇာနည်အောင်(ခ)ကိုဇာ**နှင့် **ချစ်ကေခိုင်**တို့ ၇ ဦးသည် ဇွန်လ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ သန်လျင်တံတား၏အခြေအနေ၊ သန်လျင်တံတားအဆင်းတိုးဂိတ်အနီးနေရာနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြနန္ဒာအိမ်ရာအနီးတစ်ဝိုက်ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေတို့အား ၅ ကြိမ်သွားရောက်ကြည့်ရှုခဲ့ကြောင်း၊ ထို့နောက် ၁၀၇ မမ ရှော့တိုက်ဒုံး ပစ်ခတ်မည့်နေရာအား ဆိပ်ကမ်းသာလမ်းအောက်ဘက် “ဘုရင်ကြီး” သဲကျောက်ရောင်းဝယ်ရေးလုပ်ငန်း၏ အရှေ့ဘက် မီတာ ၁၀၀၀ ခန့်အကွာ သဲကွင်းပြင်နေရာကို ရွေးချယ်သတ်မှတ်ခဲ့ပြီး ဇွန်လ ၈ ရက် တံတားဖွင့်ပွဲအခမ်းအနားကျင်းပမည့်အချိန်တွင် ပစ်ခတ်ဖောက်ခွဲရန် စီစဉ်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံးပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

နေပြည်တော် ဇွန် ၁၀

# ဆီထွက်သီးနှံနှင့်ဝါအပါအဝင်စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဆိုလာစိုက်ပျိုးရေတင်စနစ်များဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးမှူးများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အကြိုညှိနှိုင်းအစည်းအဝေးနှင့် ဆီထွက်သီးနှံနှင့် ဝါအပါအဝင် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးနှင့် ဆိုလာစိုက်ပျိုးရေတင်စနစ်များ ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ရုံးအမှတ်(၃၆)၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းလွင်က ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေရရှိရေးလုပ်ငန်း ၁၇၈၀ ခု၊ မီးလင်းရေးကျေးရွာ ၉၄၀၊ ဆိုလာစိုက်ပျိုးရေတင်စနစ်လုပ်ငန်း ၉၈ ခု၊ ကျေးလက်ကုန်ထုတ်လမ်း ၅၃၂ မိုင်၊ ကုန်ထုတ်တံတား ၁၁၅၉ စင်း၊ ကျေးလက်အိမ်ရာ ၃၂ လုံး၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာ ၂၄၃ ယူနစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ၁၈၆၄ ရွာ၊ ခေတ်မီစံပြကျေးရွာထူထောင်ရေးစီမံကိန်း ၄၅ ရွာ၊ ကျေးလက် စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း ၅၂ ယူနစ်၊ Cash for Work စီမံကိန်းကျေးရွာ ၉၈ ရွာ၊ အသက်မွေးဝမ်းကျောင်းသင်တန်း ၄၁၂ ကြိမ်တို့ကို အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများမှ ကျေးရွာပေါင်း ၅၅၃၈ ရွာ၊ အိမ်ထောင်စု ၂ ဒသမ ၄၄ သန်း၊ လူဦးရေ ၁၂ ဒသမ ၉ သန်းကို အကျိုးပြုနိုင်ခဲ့ကြောင်း။



ဆီထွက်သီးနှံနှင့်ဝါအပါအဝင် စီမံကိန်းဝင်သီးနှံများ စိုက်ပျိုးထုတ်လုပ်ရေးဆောင်ရွက်ရာတွင် လိုအပ်သည့်သွင်းအားစုနှင့် ငွေကြေးအရင်းအနှီးများအား မြစိမ်းရောင်ကျေးရွာစီမံကိန်း၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းများမှ ထောက်ပံ့ဆောင်ရွက်ပေးခြင်းနှင့် ဆိုလာစိုက်ပျိုးရေတင်စနစ် ဆောင်ရွက်ပေးခြင်းတို့ကို ဆက်စပ်ဦးစီးဌာနများနှင့် ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးများက ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးလက်ရေပေးရေး၊ ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ကျေးလက်မီးလင်းရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့်တွေ့ကြုံရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများ၊ အားသာချက်၊ အားနည်းချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အကြံပေးပုဂ္ဂိုလ် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီဟာက သုတေသနစာတမ်းထူးချွန်ပထမဆုငွေကျပ်သိန်း ၂၀ ကို ဇွန်လ ၁၀ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့သို့ပေးအပ်လှူဒါန်းစဉ်။

(၄၀၁)၊ တင်စိုး(ပဲခူး)

နေပြည်တော် ဇွန် ၁၀

# ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်တွင် ငွေကျပ် ၁ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၀ ကီလို ဖမ်းဆီးရမိ

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ အရိုးကုန်းရပ်ကွက်၊ (၁၄၆)လမ်းရှိ မစုမွန်ကျော် ငှားရမ်းနေထိုင်သည့် နေအိမ်တိုက်ခန်းအား သတင်းအရရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ် ၁ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၄၀ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(၁၀၀)**



စုမွန်ကျော်အား သိမ်းဆည်းရမိ အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၀

# မြို့နယ်အချို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ





မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန်လ ၈ ရက် ညနေ ၅ နာရီတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီးတွင် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ဇွန်လ ၈ ရက် ည ၁၁ နာရီခွဲတွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာအနီးတွင် EXPRESS ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ ပူးပေါင်းအဖွဲ့သည် ဇွန်လ ၈ ရက် ည ၇ နာရီတွင် နောင်ချိုမြို့ ပါဟတ်ရပ်ကွက် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် စိုင်းလှထွန်းမောင်းနှင်လာသည့် ဆိုင်ကယ်ကိုရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ အလားတူ ဇွန်လ ၈ ရက် ည ၈ နာရီတွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာအဝေးပြေးကားဝင်းရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ မလှလှဌေး(ခ)မဌေး၊ မဝင်းပပထွန်း(ခ)အိသူနှင့် မချိုချို(ခ)မချိုတို့ ၃ ဦး လာရောက်ထုတ်ယူသည့် လက်ဆွဲခြင်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်ကြသည့် ကောင်းထက်(ခ)အစီပိတ်အား နံနက် ၉ နာရီတွင် (ခ)ရပ်ကွက် ဝေဘာဂီလမ်းတွင်လည်းကောင်း၊ အောင်ဆန်းမြင့်(ခ)ကိုဇော်အား နံနက် ၁၁ နာရီတွင် သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက် ပိတောက်လမ်းရှိ ၎င်း၏နေအိမ်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် ဇွန်လ ၈ ရက် နံနက် ၉ နာရီတွင် မင်္ဂလာဒုံမြို့နယ် ချစ်တီးကုန်းရပ်ကွက် အောင်မင်္ဂလာအဝေးပြေးကားဝင်းရှိ ကားဂိတ်တွင် ပါဆယ်ပစ္စည်းလာရောက်ထုတ်ယူသူ ရှိုင်းထက်ဇော်အားစစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၀၀၀၀ ကိုလည်းကောင်း၊ ကွင်းဆက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူ မဥမ္မာသိန်းအား နံနက် ၂ နာရီတွင် အင်းစိန်မြို့နယ် လှိုင်မြစ်လမ်း မြို့မဈေးအရှေ့၌ ဆက်လက်ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇွန် ၁၀

# တရားမဝင်သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ






ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဖမ်းဆီးရမိမှု။




ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိရာ **ဇွန်လ ၇ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စေတုတ္တရာမြို့နယ်၊ ဆီမီးချောင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Taryan မော်တော်ဆိုင်ကယ်(၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြို့သစ်မြို့နယ် ဆူးတပ်ကြီးကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ်(သုည ဒသမ ၁၀၉)တန်၊ အခြားသစ် (၄ ဒသမ ၈၇၈)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၄၆၀၁၆)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၆၀၁၆)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၈ ရက်**တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ကြီးနားမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Nissan X-Trail (၁)စီး၊ Toyota Crown (၁)စီးနှင့် Toyota Hijet (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ နမ္မတီးမြို့နယ်၌ အမိုနီယမ်နိုက်ထရိတ် ကီလိုဂရမ်(၁၉၅၂၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၅၂၀၀၀၀)ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၇၅၂၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဇွန်လ ၈ ရက်**တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကျိုက်မရောမြို့ မြို့အဝင်လမ်းဆုံ၌ ဘုရားသုံးဆူမြို့မှ ကျိုက်မရောမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Vo Vo ဖုန်းမှန်ကပ်ကာဗာ (၅၆၀၀)အပါအဝင် ကုန်ပစ္စည်း (၆)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၂၈၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၂၂၈၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၈ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၁)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် တရုတ်နိုင်ငံထုတ် Duct Tape (၄၄၅၅ ဒသမ ၈) ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၃၅၇၇၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်(၂)ဦး၏ ဝန်စည်(၂)ခုအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Uniqlo တံဆိပ်ပါဘောင်းဘီတို(၆၈)ထည်၊ အမျိုးသားဝတ်ရှပ်အင်္ကျီ (၇၂)ထည်၊ အမျိုးသမီးဝတ်အင်္ကျီ (၂၄၅)ထည်နှင့် တရုတ်နိုင်ငံထုတ် KZG Keypad Phone (၅)လုံးအပါအဝင် ကုန်ပစ္စည်း(၇)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၄၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၅၇၅၇၇၀)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇွန်လ ၈ ရက်**တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၃၉)မိုင်စစ်ဆေးရေးဂိတ်၌ သာမညမှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် ငါးငံပြာရည်ပုလင်း (၆၀၀)၊ ဂျပန်နိုင်ငံထုတ် Riccar အပ်ချုပ်စက် (Used) (၅၈) လုံး၊ တရုတ်နိုင်ငံထုတ် Lithium Battery (၉)လုံးအပါအဝင် ကုန်ပစ္စည်း (၁၀)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၆၉၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၆၉၈၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇွန်လ ၈ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟင်္သာတခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် (သုည ဒသမ ၅၃၂) တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၇၆၃၂)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇွန်လ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၁၇)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၇၁၇၄၁၈)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**


## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါပစ္စည်း/လုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူ/ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်း/လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၉၆/မမ/CME | Rail Road Diesel Oil, RDO-40 (200 Liters/Drum)-1800 Drums ဝယ်ယူရန် |
| ၂ | ၉၇/မမ/CE | Chequer Plate(6'x4'x6mmtk;)(80)Shts နှင့် Chequer Plate (1'-4"x8'x4 mmtk;) (1600)Shts ဝယ်ယူရန် |
| ၃ | ၉၈/မမ/CE | 75Lb Bolt & Nut with One Spring Washer and One Flat Washer 32,000 - Sets ဝယ်ယူရန် |
| ၄ | ၉၉/မမ/CE | Insulated Grooved Rubber Pad for e-Clip Type Sleeper (160,000)Nos ဝယ်ယူရန် |
| ၅ | ၁၀၀/မမ/CE | မြစ်ငယ်ကွန်ကရစ်ဇလီဖားစက်ရုံတွင် ကွန်ကရစ်ဇလီဖား(၁၂၀၀၀)တုံးထုတ်လုပ်ခြင်းလုပ်ငန်း |
| ၆ | ၁၀၁/မမ/CE | **တိုင်းအမှတ်(၃)မန္တလေး**<br>မြစ်ငယ်ဘူတာတွင် တွဲစစ်ဆေးကျင်း Pit ကျင်း Single Open Pit (1200')တည်ဆောက်ခြင်းလုပ်ငန်း |
| ၇ | ၁၀၂/မမ/CE | **ရန်ကုန်မြို့ပတ်ရထားလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်း**<br>ဟံသာဝတီဘူတာအသစ်တည်ဆောက်ခြင်းလုပ်ငန်း |
| ၈ | ၁၀၃/မမ/CE | တံတားကလေးဘူတာအသစ်တည်ဆောက်ခြင်းလုပ်ငန်း |

တင်ဒါပိတ်မည့်နေ့/အချိန် - အမှတ်စဉ်(၁)မှ (၅)အထိ (၂၄-၆-၂၀၂၄)နေ့လယ်(၂း၃၀)နာရီ
အမှတ်စဉ်(၆၊ ၇၊ ၈) (၁၀-၇-၂၀၂၄)နေ့လယ်(၂း၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၁၀-၆-၂၀၂၄)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

**ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း 294352, 291994**



### ပျောက်ဆုံးကြောင်း
သီရိလွင်(ဘ)ဦးလှကြည် ၁၂/ဒဂမ(နိုင်)၀၃၆၄၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 230650)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၅၆၃၉၀၃၄

### ပျောက်ဆုံးကြောင်း
စောဖိုးခလဲ(ဘ)စောလေးမှူး ၁၄/အမန(နိုင်)၁၁၅၉၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 638311)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၄၉၂၄၁၇၅

### ပျောက်ဆုံးကြောင်း
လှထွေး(ဘ)ဦးမောင်အေး ၁၃/ကတလ(နိုင်)၀၂၃၁၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 025735)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၇၇၁၁၂၂၉၂

### ပျောက်ဆုံးကြောင်း
အိသဇင်(ဘ)ဦးမြင့်လွင် ၈/ပဖန(နိုင်)၁၃၉၈၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ တောင်သလဲမြောင်အုပ်စု၊ တိုက်ကြီးစုရွာနေ ရဲရင့်အောင်(ဘ)ဦးမောင်ကို၊ ၇/ဒဥန(နိုင်)၁၈၅၄၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၈၉၅၃၁၄၃

### ပျောက်ဆုံးကြောင်း
အိဝတ်ရည်ကျော်(ဘ)ဦးကျော်စိုး ၁၂/ရပသ(နိုင်)၀၅၆၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 730811)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၃၅၁၉၆၇၁

### ပျောက်ဆုံးကြောင်း
လှိုင်မျိုး(ဘ)ဦးမျိုးညွန့် ၁၂/လမန(နိုင်)၁၀၁၁၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(723052)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၃၀၆၀၃၉၇၁

### ပျောက်ဆုံးကြောင်း
ဝေလင်းဖြိုး(ဘ)ဦးသန်းမြင့် ၁၂/ဒရန(နိုင်)၁၅၅၃၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 595288)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း
တင်ဇာဝင်း(ဘ)ဦးလှထွန်း ၈/ရစက(နိုင်)၂၁၈၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 734991)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
ထားဝယ်မြို့၊ အမှတ်-၂၂၈၊ သီတာလမ်း၊ သဘော်ဆိပ်ရပ်နေ မောင်သူရထွန်း(ဘ)ဦးထွန်းရှိန်၊ ၆/ထဝန(နိုင်)၁၀၂၃၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၀၅၉၀၀၆၂

### ပျောက်ဆုံးကြောင်း
ငုရွှေဝါဦး(ဘ)ဦးဌေးဝင်း ၁၂/ဗဟန(နိုင်)၀၉၃၄၈၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 325791)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၂၅၃၅၆၅၂

### ပျောက်ဆုံးကြောင်း
သန်းလင်းအောင်(ဘ)ဦးမြင့်တင် ၅/တဆန(နိုင်)၁၃၃၆၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 148865)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

### ပျောက်ဆုံးကြောင်း
နန္ဒာအောင်(ဘ)ဦးအောင်ဇော်ဝင်း ၇/ပခန(နိုင်)၄၂၃၇၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 510680)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း
နိုင်ဦး(ဘ)ဦးကြည်ဝင်း ၇/သကန(နိုင်)၁၀၂၂၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း
အောင်ကျော်ဦး(ဘ)ဦးစိုးလွင် ၅/မမတ(နိုင်)၀၉၃၀၉၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

အလိမ္မာစာမှာရှိ


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
“ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၅၃~၃၅၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ ပန်းဘဲတန်းမြို့နယ် ၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇


INNWA BANK LIMITED
ယုံကြည်စိတ်ချ အားထားရန်
မြန်မာ့အင်းဝဘဏ်
စာရင်းရှင်အပ်ငွေစာရင်း
အချိန်ပိုင်းအပ်ငွေစာရင်း
ငွေစုဘဏ်အပ်ငွေစာရင်း
ပြည်တွင်းငွေလွှဲလုပ်ငန်း
ချေးငွေများထုတ်ချေးခြင်း
ဘဏ်အာမခံလုပ်ငန်းများ ဆောင်ရွက်ခြင်း
ငွေပေးအမိန့်လွှာလုပ်ငန်း
နိုင်ငံခြားဘဏ်လုပ်ငန်း
အပ်ငွေစာရင်းနှစ်မျိုး ချိတ်ဆက်ပေးခြင်း
INNWA BANK
အင်းဝဘဏ်လီမိတက်(ရုံးချုပ်)နေပြည်တော်
ဖုန်း-၀၆၇ ၃၄၃၄၇၅၁၊ ၀၆၇ ၃၄၃၄၇၅၂
အင်းဝဘဏ်လီမိတက်(ရန်ကုန်)
ဖုန်း-၀၁ ၂၅၆၂၅၄၊ ၀၁ ၃၇၄၇၅၂
အင်းဝဘဏ်လီမိတက်(မန္တလေး)
ဖုန်း-၀၂ ၄၀၃၆၅၇၇၊ ၄၂၄၅၉၅၊ ၄၀၂၁၂၀၁၊ ၂၈၄၈၄၄၁
အင်းဝဘဏ်လီမိတက် ဘဏ်ခွဲပေါင်း (၇၇)ခု နှင့် နိုင်ငံခြားငွေ လဲလှယ်ရောင်းဝယ်ရေးကောင်တာ
( MONEY CHANGE COUNTER ) (၀၃) ခုတို့တွင် လူကြီးမင်း၏ ငွေကြေးဆိုင်ရာ ကိစ္စရပ်များအား
အင်းဝဘဏ်လီမိတက်ဘဏ်ခွဲများတွင် လွယ်ကူလျင်မြန်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။
INNWA BANK LIMITED

❖ တိုင်းပြည်တစ်ပြည်တိုးတက်ရေးအတွက် အစိုးရမှ ဦးဆောင်ရမည်မှာ မှန်သော်လည်း ပြည်သူလူထု တစ်ရပ်လုံးမှ စုပေါင်းအားဖြင့် ဝိုင်းဝန်းဆောင်ရွက်မှ သာလျှင် ဖွံ့ဖြိုးတိုးတက်မှုအားကောင်းနိုင်မည်ဖြစ်...

❖ ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများ၊ ပြည်သူလူထုစုပေါင်းအားများဖြင့် ဆောင်ရွက်နိုင်ရေး မိမိတို့အစိုးရအနေဖြင့် ဦးဆောင်၍ ဆောင်ရွက်သွားရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့ တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄)တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်နှင့်တပ်မတော်မှအားထားရသည့်၊ ပြည်သူကအားကိုးရသည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော ဆေးဘက်ဆိုင်ရာအရာရှိကောင်းများ၊ သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ဆေးဘက်ဆိုင်ရာပညာသည်များ မွေးထုတ်ပေးနိုင်ရေးကြိုးပမ်းဆောင်ရွက်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်၌ ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇွန် ၁၀**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်တို့မှ ကျောင်းအုပ်ကြီးများ၊ နည်းပြအရာရှိကြီးများ၊ ကထိကအရာရှိကြီးများ၊ ဆရာ၊ ဆရာမကြီးများ၊ သန္ဓေအရာရှိများနှင့် မဟာဘွဲ့လွန်သင်တန်းသားများ၊ ဗိုလ်လောင်းများ၊ သင်တန်းသား၊ သင်တန်းသူများအား တက္ကသိုလ်အလိုက် ဘွဲ့နှင်းသဘင်ခန်းမများ၌ သီးခြားစီတွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဇွဲဝင်းမြင့်၊

စာမျက်နှာ ၁၆ ကော်လံ ၁ ⮺

**ဆောင်းပါး** ရန့်သင်းမွှေး ပန်းကလေးတို့၏အလှ **ဘုန်းမောင်ဝင်း(ဖျာပုံ)** စာ - ၈ သို့

